ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်၊ စနေနေ့၊ (7-8-2004) (၄၃၁၈)

ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သော အခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၄ရက်က ပခုက္ကူမြို့လေဆိပ် ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆက်ဒမ်ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးအားလုံး လူနေမှုအဆင့်အတန်း မျှတစွာတိုးတက်လာရန် စနစ်တကျဆောင်ရွက်နေ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးမူဝါဒလမ်းစဉ်များနှင့်အညီ ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင် ပြည်ထောင်စုကြီး အစွန့်ရှည်ခိုင်မြဲရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒများ၊ စီမံကိန်းများ အောင်မြင်စွာ ဖြစ်ထွန်းလာရေး မိမိတို့ဌာနဆိုင်ရာအချင်းချင်း စုပေါင်းခေါင်းဆောင်၊ စုပေါင်းတာဝန်ခံ၊ စုပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ပခုက္ကူခရိုင် ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရဟတ်ယာဉ်များဖြင့် ပေါက်မြို့မှ ထွက်ခွာကြရာ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ခေတ္တတပ်မှူး ဗိုလ်မှူးကြီးသိန်းတန်၊ တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✡

ကြေးမုံ The Mirror သတင်းဆောင်းပါးအညွှန်း

ယနေ့ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ဒီမိုကရေစီကို အခြားနိုင်ငံများ ကျင့်သုံးလာအောင် ဘယ်နိုင်ငံကမှ အတင်းအဓမ္မ သွတ်သွင်းပိုင်ခွင့်မရှိကြောင်း၊ ဒီမိုကရေစီကို ကမ္ဘာတစ်ဝန်းမှာ ကျယ်ကျယ်ပြန့်ပြန့် ခေတ်စားလာစေချင်လျှင် သက်ဆိုင်ရာနိုင်ငံတို့အနေဖြင့် မိမိတို့ဆန္ဒနှင့် မိမိတို့ လိုလိုလားလား ကျင့်သုံးဖော်ဆောင်ချင်လာအောင် တိုက်တွန်းအားပေးခြင်း၊ ပညာပေးခြင်းများ ပြုသင့်ကြောင်း၊ နိုင်ငံတကာသံရေး၊ တမန်ရေးလောက၌ ဗိုလ်ကျစိုးမိုးမှု၊ အင်အားပြ၍ နိုင်ငံရေးကစားမှု၊ ဩဇာအာဏာပေးမှုများဖြင့် ဒီမိုကရေစီကို အတင်းအဓမ္မ သွတ်သွင်းကျင့်သုံးစေတာမျိုးကိုတော့ ရှောင်ကြဉ်သင့်။

အောင်မိုးစံ၏ ***နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း(၇)***

ဆောင်းပါး (စာမျက်နှာ-၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇-၈-၂၀၀၄
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားပညာရေး မျှော်မှန်းချက်နှင့်အညီ ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် စက်မှုအတတ်ပညာရှင်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရှင်များ အပါအဝင် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုအလျဉ်တွင် အမီလိုက်ပါနိုင်ရေး ကြိုးပမ်းအားထုတ် ကြရမည်ဖြစ်သည်။

အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည့် မျက်မှောက်ကမ္ဘာတွင် ပညာရည်မြင့်မားသောလူမျိုး၊ အသိအမြင် ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသော လူမျိုးမှသာလျှင် မိမိနိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ်လ ၃ ရက်နေ့က ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပသော တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး လူငယ်လူရွယ်များ အသိအမြင်ဗဟုသုတ ကြွယ်ဝရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် **ယနေ့လူငယ်များ အသိအမြင်ဗဟုသုတကြွယ်ဝပြီး ပညာရည်မြင့်မားမှသာ မိမိတို့နှင့် ထိုက်တန်သည့် အမျိုးသားနိုင်ငံတော်ကြီးကို မိမိတို့ကိုယ်တိုင် တည်ဆောက်ကာကွယ်နိုင်မည်ဖြစ်သည်ဆိုသည့် သဘောထားခံယူချက်ထားရှိပြီး ယနေ့ကျောင်းသူ၊ ကျောင်းသား လူငယ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သော၊ ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်** မှာကြားသွားသည်။

နိုင်ငံတော်အစိုးရက နယ်ပယ်ကဏ္ဍစုံတွင် သက်ဆိုင်ရာသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး အမျိုးသားရေး စွမ်းဆောင်ရည် ထက်မြက်မြင့်မားနေစေရန် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်း အဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းစွမ်းဆောင်ရာတွင် ပညာရေးကဏ္ဍသည် ပဓာနကျသည်။ အနာဂတ်ကာလတွင် နိုင်ငံတော်အကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ဖြစ်ပေါ်လာရေးအတွက် ကျောင်းသူ၊ ကျောင်းသားလူငယ်များအား လေ့ကျင့်ပျိုးထောင်ပေးရာတွင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာဆရာ၊ ဆရာမများ၏ ကြိုးပမ်းစွမ်းဆောင်မှုအခန်းကဏ္ဍသည် အရေးပါလှပေသည်။

၂၁ ရာစုသို့ ကူးပြောင်းဝင်ရောက်လျက်ရှိသည့် ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှု များသည် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ ယဉ်ကျေးမှုစသည့် အခြားသော ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်အသီးသီးကိုပါ တွင်ကျယ်စွာ လွှမ်းမိုးကြီးစိုးလျက်ရှိသည်။

ထို့ကြောင့် ဆရာ၊ ဆရာမ ပညာရှင်များအနေဖြင့် မိမိတို့ သက်ဆိုင်ရာပညာရပ်နယ်ပယ်တွင်သာမက နိုင်ငံတကာသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအလျဉ်တွင် မျက်ခြည်မပြတ် လိုက်ပါလာနိုင်ရန် အားထုတ်ကြိုးပမ်း နေကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် မိမိနိုင်ငံနှင့်လူမျိုး၏ အနာဂတ်အလားအလာ၊ အမျိုးသားရေးမျှော်မှန်းချက်တို့ကို သိရှိသဘောပေါက်ပြီး ပညာရပ်ဆိုင်ရာစွမ်းပကားဖြင့် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများ အောင်မြင်စေရန် ဆက်လက်အထောက်အကူပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို အမျိုးသားရေး သတိဖြင့်ရှုမြင်ပြီး မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသား၊ လူငယ်လူရွယ်များအား အမျိုးသားပညာရေး မျှော်မှန်းချက် နှင့်အညီ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာစေရေး စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ၂၀၀၃–၂၀၀၄ဘဏ္ဍာရေးနှစ်၊ နှစ်ချုပ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာန နှစ်ချုပ်လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဩဂုတ် ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ၂၀၀၃–၂၀၀၄ဘဏ္ဍာနှစ် နှစ်ချုပ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊အမှုထမ်းများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆည်မြောင်းတာတမံ တည်ဆောက်ထိန်းသိမ်းခြင်း နည်းပညာဟောပြော

ရန်ကုန် ဩဂုတ် ၆

Suntac Technologies က ကြီးမှူး၍ ဆည်မြောင်းတာတမံများ တည်ဆောက်ရာတွင် တပ်ဆင်အသုံးပြုနိုင်သည့် Geotechnical Instrumentation နည်းပညာ၊ တည်ဆောက်ပြီး၊တည်ဆောက်ဆဲဆည်များ၊ တာတမံများကို အချိန်ပြည့် စောင့်ကြည့်ထိန်းသိမ်းပေးနိုင်သည့် Dam Monitoring and Early Warning System SCADA System၊ ဆည်များ တမံများမတည်ဆောက်မီ အကြိုစူးစမ်းတိုင်းတာရေးကိစ္စများတွင် ပကတိမြေမျက်နှာသွင်ပြင်၏ မြေပုံကားချပ်များ ထုတ်လုပ်၍ ဒီဇိုင်းရေးဆွဲနိုင်ရေး ဆိုင်ရာ လုပ်ငန်းတစ်ခုဖြစ်သည့် Photogrammetry and Digital Mapping, Remote Sensing, GIS စသည့် နည်းပညာရပ်များဆိုင်ရာ ရှင်းလင်းဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းသို့ Suntac Technologies မှ မန်နေဂျင်းဒါရိုက်တာ ဦးရဲဘုန်းလှိုင်က Digital Mapping, Remote Sensing, GIS နည်းပညာ ဆော့(ဖ်)ဝဲဖြစ်သည့် TNT mips Demostration CD များကို ပေးအပ်လှူဒါန်းပြီး **(အပေါ်ပုံ)** ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး ကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုစာစီစာကုံး၊ ဆောင်းပါးဆုချီးမြှင့်ပွဲနှင့် ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၆ရက်က အသင်းရုံးတွင် ကျင်းပရာ အထက်တန်းအဆင့် စာစီစာကုံး ပထမရရှိသောမရွှေစင်အား မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်သီတာအေးက ဆုချီးမြှင့်စဉ်။ (၆၄)

မေတ္တာရည်စူး ကြည်နူးမွေးမေ

* မိခင်ဝမ်းမှ / ကျွတ်စချိန်ခါ
နာရီဝက်အတွင်း / မယွင်းစေရာ
နို့ဦးရည်များ / တိုက်ကျွေးမှန်စွာ
ခြောက်လအထိ / မွေးမိနို့ချည်းသာ။

* တိုက်ပါလေက / နေ့ညနှစ်ထွေ
ရောဂါဘယ / ကင်းပစင်ပေ
လုံခြုံစိတ်ချ / ဘဝအခြေ
အာဟာရ / ပြည့်ဝမှန်မသွေ။

* မေတ္တာရည်စူး / ကြည်နူးမွေးမေ
ရင်သွေးငယ်အား / တိုက်ကြွေးနို့ရည်
ပေးလေရင်နှစ် / စိတ်ချစ်ထွေထွေ
ဝေကာမျှ / ဘဝပီတိတွေ။

* နို့ချိုစို့ရ / ခြောက်လပြည့်လာ
ကျွေးမှာဖြည့်စွက် / အစာဖက်ကာ
ဆက်သာတိုက်ရစ် / နှစ်နှစ်ကျော်ရာ
လျော်ပါဘိ / မြတ်မိနို့မဟာ။

သိန်း(ဦး)

ကုန်သည်/စက်မှုအသင်းချုပ် အမှုဆောင် အစည်းအဝေးတက်ရောက်ရန်ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အလုပ်အမှုဆောင် ဦးအောင်ကြည်စိုးသည် ဩဂုတ်၃ရက်နံနက် ၁၀နာရီတွင် ဗန်ကောက်မြို့၌ ကျင်းပမည့် Seminar on 2nd Buakeaw (Crystal Lotus) Roundtable International Sufficient Economy အစည်းအဝေးတက်ရောက်ရန် အတွက် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

သဒ္ဓမ္မရံသီသုံးထပ်သိမ် လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် ဟသ်ာလမ်း သိပ္ပါလယပရိယတ္တိ စာသင်တိုက်အတွင်း အသစ်တည်ဆောက်လျက်ရှိသော သဒ္ဓမ္မရံသီ သုံးထပ်သိမ်တော်မြတ်အတွက် အလှူတော်ငွေများကို ကျောင်းဖုန်း ၅၆၁၃၂၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၇)

အောင်မိုးစံ

နိုင်ငံတစ်နိုင်ငံဟာ မိမိတို့ရောက်ရှိနေတဲ့ လူမှုစီးပွားရေး၊ နိုင်ငံရေးအဆင့်နဲ့ အညီသာလျှင် ဈေးကွက် စီးပွားရေးနဲ့ ဒီမိုကရေစီကို ထူထောင်တက်လှမ်းနိုင်မယ် ဆိုတာကို နိုင်ငံတကာဖြစ်စဉ်တွေက သက်သေပြလျက် ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံအဖို့ ဖွံ့ဖြိုးပြီး လမ်းမှန်ပေါ်မှာ ရောက်နေပြီဆိုရင်တောင်မှ ဖွံ့ဖြိုးရေး စခန်းအဆင့်ဆင့်ကို ဖြတ်သန်းရာတွင် ကြုံတွေ့ရမယ့်အခက်အခဲများ၊ တာဝန်များကို ခုန်ပျံသွားလို့ မရနိုင်သလို ဥပဒေတွေ ထုတ်ပြန်ရုံနဲ့လည်း မရနိုင်ကောင်းပါ။ မိမိတို့ လူ့အဖွဲ့အစည်းအတွက် ဝေဒနာအနည်းဆုံးလမ်းကိုသာ ရွေးချယ်ကျင့်သုံးရမယ် ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတွင် မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံထူထောင်နေတဲ့ တည်ဆဲတပ်မတော်အစိုးရအပေါ် နိုင်ငံရေးပါတီအဖွဲ့အစည်းအချို့က မစေ့စပ်ရေးလမ်းစဉ်ကို ဆင်နွှဲနေတဲ့အတွက် အလိုတူအလိုပါ ပြည်ပနိုင်ငံကြီးအချို့က မြန်မာပြည်သူတွေအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှု၊ လူသားချင်းစာနာတဲ့ အကူအညီဖြတ်တောက်မှု၊ စွက်ဖက်ဖိအားပေးမှုတွေ ကြုံလာရပါတယ်။ အဲဒီလိုမဟုတ်ဘဲ သင့်မြတ်စည်းလုံးရေးလမ်းကို ရွေးချယ်ကျင့်သုံးသွားမယ်ဆိုရင် ကမ္ဘာ့အလယ်မှာ ထည်ဝါတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို မနေးအမြန် အမှန်ပင် ထူထောင်သွားနိုင်မယ် ဖြစ်ပါတယ်။ လက်ရှိအနေအထားကို ကြည့်မယ်ဆိုရင် တပ်မတော်အစိုးရက ထူထောင်ရေးဘက်မှာ ကြိုးပမ်းတည်ဆောက်နေပြီး နိုင်ငံရေး ပါတီအချို့က အတိုက်အခံဆန့်ကျင်တဲ့ဘက်မှာ ရောက်ရှိနေပါတယ်။ အပေါင်းလက္ခဏာနဲ့ အနုတ်လက္ခဏာ အသွင်ဆောင်နေပါတယ်။ ဒီကနေ့ မြန်မာ့သမိုင်းရဲ့ တောင်းဆိုမှုဟာ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီနိုင်ငံတော်ထူထောင်သွားဖို့ ဖြစ်ပါတယ်။ အမျိုးသားသင့်မြတ် စည်းလုံးရေးနဲ့ ဒီမိုကရေစီရေးတာဝန်ကို တစ်မျိုးသားလုံး ကျေပွန်စွာ ထမ်းဆောင်သွားဖို့သာ ဖြစ်ပါတယ်။ အမျိုးသားသင့်မြတ်စည်းလုံးရေးဆိုတာ ပြည်တွင်းအင်အားစုချင်းညီညွတ်မှု တည်ဆောက်ရေးပြဿနာဖြစ်ပါတယ်။ အဲဒီလို ညီညွတ်မှုတည်ဆောက်ရာတွင် ပြည်တွင်းအင်အားစုချင်းသာ အလေးအနက်ထားရမယ်ဖြစ်ပါတယ်။ ပြည်တွင်းအင်အားစုချင်းသာ အားကိုးအားထားပြုရမယ် ဖြစ်ပါတယ်။ ပြည်တွင်းအင်အားစုချင်းသာ အပြန်အလှန် ယုံကြည်ကိုးစားရမယ် ဖြစ်ပါတယ်။

အဲဒီလိုမဟုတ်ဘဲ ပြည်ပအင်အားစုတွေနဲ့ ပြည်ပနိုင်ငံအချို့အပေါ် ယုံကြည်အားထားနေမယ်ဆိုရင်၊ အားကိုးမှုလွန်ကဲနေမယ်ဆိုရင် ဘယ်လိုမှ စစ်မှန်တဲ့ သင့်မြတ်စည်းလုံးရေးကို တည်ဆောက်နိုင်မယ်မဟုတ်ပါ။ ပြည်ပနိုင်ငံကြီးအချို့ကလည်း သူတစ်ပါးပြည်တွင်းရေးကို လက်ရဲဇက်ရဲ ဝင်ရောက်စွက်ဖက်သွေးမခွဲဖို့ ဖြစ်ပါတယ်။ မြန်မာ့အိမ်နီးချင်းကောင်းနိုင်ငံများနဲ့ အာဆီယံစိတ်ထားမျိုးမွေးကြဖို့ ဖြစ်ပါတယ်။ ဒီစိတ်ထားတွေဟာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီးငါးရပ်နဲ့ ညီညွတ်မှန်ကန်လို့ ဖြစ်ပါတယ်။ ဒီအပေါ် လွန်ခဲ့တဲ့ ဇွန်လ ၂၈ ရက်နေ့ ကျရောက်တဲ့ တရုတ်နိုင်ငံက ကျင့်သုံးလျက်ရှိသော **"ငြိမ်းချမ်းရေး အဓိက နိုင်ငံခြားရေးဝါဒ နှစ်(၅၀)မြောက် နှစ်ပတ်လည်အထိမ်းအမှတ်နေ့"**တွင်-

ယနေ့ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ဒီမိုကရေစီကို အခြားနိုင်ငံများ ကျင့်သုံးလာအောင် ဘယ်နိုင်ငံကမှ အတင်းအဓမ္မသွတ်သွင်းပိုင်ခွင့် မရှိကြောင်း၊ ဒီမိုကရေစီကို ကမ္ဘာတစ်ဝန်းမှာ ကျယ်ကျယ်ပြန့်ပြန့် ခေတ်စားလာစေချင်လျှင် သက်ဆိုင်ရာ နိုင်ငံတို့အနေဖြင့် မိမိတို့ဆန္ဒနှင့် မိမိတို့ လိုလိုလားလား ကျင့်သုံးဖော်ဆောင်ချင်လာအောင် တိုက်တွန်းအားပေးခြင်း၊ ပညာပေးခြင်းများ ပြုသင့်ကြောင်း၊ နိုင်ငံတကာသံရေး၊ တမန်ရေးလောက၌ ဗိုလ်ကျစိုးမိုးမှု၊ အင်အားပြ၍ နိုင်ငံရေးကစားမှု၊ ဩဇာအာဏာပေးမှုများဖြင့် ဒီမိုကရေစီကို အတင်းအဓမ္မသွတ်သွင်း ကျင့်သုံးစေတာမျိုးကိုတော့ ရှောင်ကြဉ်သင့်ကြောင်း" ဖြင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားသွားခဲ့သည်။

"နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာ ဒီမိုကရေစီစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးဖို့အရေးဟာ အရေးတကြီး လိုအပ်နေတာမှန်ပေမယ့် ဒီမိုကရေစီကို တစ်နိုင်ငံက (ဘယ်သူကမှ) အခြားတစ်နိုင်ငံအပေါ် အတင်းအဓမ္မသွတ်သွင်းပြဋ္ဌာန်းကျင့်သုံးစေပိုင်ခွင့် မရှိပါဘူး၊ အလားတူပဲ အခြားနိုင်ငံများရဲ့ အချုပ်အခြာအာဏာကိုလည်း ဘယ်လိုအကြောင်းပြချက်နဲ့မှ ပယ်ဖျက်ပစ်ပိုင်ခွင့်၊ ရုပ်သိမ်းပစ်ပိုင်ခွင့်၊ လုယူပိုင်ခွင့်မရှိပါဘူး" ဟုလည်း မစ္စတာဝမ်ကြားပေါင်က ဆက်လက်ပြောကြားသွားခဲ့သည်။

ဒီကနေ့ တည်ဆဲတပ်မတော်အစိုးရအဖို့ အတွေ့အကြုံဟာ ဆင်ခြင်တုံတရားဖြစ်တယ်။ အတွေ့အကြုံဟာ ပညာဖြစ်တယ်။ အတွေ့အကြုံဟာ အလုပ်လမ်းညွှန်ဖြစ်တယ်ဆိုတဲ့အတိုင်း ဒီမိုကရေစီနိုင်ငံတော်ကို ကိုယ်တွေ့လက်တွေ့ မနေမနား ထူထောင်လာခဲ့ရတဲ့ အတွေ့အကြုံများအပေါ် ဆင်ခြင်သုံးသပ်ပြီး လက်တွေ့ကျတဲ့ ဒီမိုကရေစီအမြင်ကို ခံယူကျင့်သုံးလာခဲ့တာ ဖြစ်ပါတယ်။ မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီတဲ့လမ်းစဉ်ကို ချမှတ်ကျင့်သုံးလာခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းအချို့ဟာ ကိုယ်ပိုင်အတွေ့အကြုံနည်းပါးတဲ့အတွက် တရားသေဝါဒကို ကိုင်စွဲထားကြတယ်။ လက်တွေ့မကျတဲ့ အနောက်ဥရောပ ဒီမိုကရေစီကို ပုံတူကူးယူရေး စိတ်ကူးယဉ်ဝါဒကို ကိုင်စွဲထားကြတယ်။ ဒါကြောင့် (Study the past if you would divine the future)တကယ်လို့သင်ဟာ အနာဂတ်ကို မှန်းဆလိုရင် အတိတ်ကို လေ့လာသုံးသပ်ပါဆိုတဲ့ စကားနဲ့အညီ လွတ်လပ်ရေးရပြီးနောက် မြန်မာ့သမိုင်းသင်ခန်းစာအချို့ကို အခုလို တွေ့နိုင်ပါတယ်။

တိုက်ခိုက်သတ်ဖြတ်ခဲ့မှုဟာ လွန်စွာအကျိုးယုတ်စေခဲ့ပြီး သင့်မြတ်ရေးကသာ နှစ်ဖက်အကျိုးကို တိုးပွားစေတယ်ဆိုတဲ့ သင်ခန်းစာကို နောင်တကြီးစွာနဲ့ ဆင်ခြင်နိုင်ခဲ့ပါတယ်။ ဒါဟာ ပြည်ပသွေးထိုးမှုအပေါ် မဆင်ခြင်နိုင်ခဲ့လို့ တိုင်းရင်းသားချင်း သွေးမြေကျခဲ့ရတဲ့ သင်ခန်းစာဖြစ်ပါတယ်။ ဒီကနေ့လို တိုင်းရင်းသားချင်း လက်နက်ကိုင် ပဋိပက္ခ သက်ဆိုးမရှည်အောင်၊ သွေးမြေမကျအောင် အမျိုးသားသင့်မြတ် စည်းလုံးရေးကို ကြိုးပမ်းလာနိုင်တဲ့ တပ်မတော်အစိုးရရဲ့ တန်ဖိုးကြီးမားမှုကိုလည်း သမိုင်းဝင် အသိအမှတ်ပြုရမယ် ဖြစ်ပါတယ်။

ဒုတိယသင်ခန်းစာကတော့ ၁၉၆၈ ခုနှစ်မှာ တော်လှန်ရေးကောင်စီဟာ မြေပေါ်နိုင်ငံရေး ပါတီအသီးသီးမှ ခေါင်းဆောင်များကို ဖိတ်ခေါ်ပြီး ပြည်တွင်း ညီညွတ်ရေး အကြံပေးအဖွဲ့ ၃၃ ဦးကို ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီအဖွဲ့က နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားလူမျိုးများအရေး တို့တွင် အခွန့်ရှည်စွာ အကျိုးရှိစေမယ့် ပြည်တွင်း ညီညွတ်ရေးကို အကြံပေး တင်ပြဖို့ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ဝင်တွေ ကိုယ်တိုင်က သဘောထားအမျိုးမျိုးကွဲလွဲခဲ့ကြပြီး ဝန်ကြီးချုပ်ဟောင်း ဦးနုက သူ့ဆီအာဏာပြန်အပ်ဖို့ တောင်းဆိုတင်ပြလာတဲ့ အတွက်ပြည်တွင်းညီညွတ်ရေး ကြိုးပမ်းမှု တံခါးပြန်ပိတ်သွားခဲ့ရပါတယ်။ အခုလို ဖြစ်တာဟာ အမျိုးသား ညီညွတ်ရေးထက် တစ်ဖွဲ့တစ်ပါတီအရေးကို ဦးစားပေးခဲ့ကြလို့ဖြစ်ပါတယ်။

နောက်သင်ခန်းစာတစ်ခုကတော့ ၁၉၈၈ ခုနှစ် အရေးအခင်းတွင် ဒေါက်တာ မောင်မောင် အစိုးရက ခြောက်လအတွင်း ရွေးကောက်ပွဲ လုပ်ပေးပါမယ်လို့ ကမ်းလှမ်းခဲ့တယ်။ အဲဒီလို ဒီမိုကရေစီအရေးဆောင်ရွက်သွားဖို့ ကမ်းလှမ်းမှု အပေါ်မှာ ပူးပေါင်းဆောင်ရွက်သွားရမယ့်အစား အရေးအခင်းမှာ ပါဝင်လှုပ်ရှား

လက်ရှိအနေအထားကိုကြည့်မယ်ဆိုရင် တပ်မတော်အစိုးရက ထူထောင်ရေးဘက်မှာ ကြိုးပမ်းတည်ဆောက်နေပြီး နိုင်ငံရေး ပါတီအချို့က အတိုက်အခံဆန့်ကျင်တဲ့ဘက်မှာ ရောက်ရှိနေပါတယ်။ အပေါင်းလက္ခဏာနဲ့ အနုတ်လက္ခဏာ အသွင်ဆောင်နေပါတယ်။

လွတ်လပ်ရေးရပြီး ၁၉၅၀ ပြည့်နှစ်ဝန်းကျင်မှာ နယ်ချဲ့သမားတို့ရဲ့ သွေးထိုးမှုကြောင့် လူမျိုးရေးပဋိပက္ခတွေ ဖြစ်ခဲ့ကြလို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ယိုယွင်းမှုတွေ ဖြစ်ခဲ့ကြရပါတယ်။

ဒီအချိန်က တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေလည်း လူမျိုးရေး ပဋိပက္ခမှာ သူ့ဘက်ကိုယ့်ဘက် ဝင်ရောက်တိုက်ခိုက်လာခဲ့တယ်။ ဒီအပေါ်မှာ မြှောက်ပင့်သွေးထိုးပေးခဲ့တဲ့ နယ်ချဲ့သမားကတော့ သူတို့အကြံ အောင်မြင်တဲ့ အတွက် အလွန်ပင် ဝမ်းသာပီတိဖြစ်နေမှာပါ။ အဲဒီလို တိုင်းရင်းသားချင်း အပြန်အလှန် တိုက်ခိုက်သတ်ဖြတ်မှု ကြီးထွားလာသလောက် လူမျိုးမုန်းတီးရေး စိတ်ထားတွေလည်း ပိုမိုပြင်းထန်လာခဲ့တယ်။ နောက်ဆုံး ပဋိပက္ခပြေငြိမ်းရေး အတွက် အမြော်အမြင်နဲ့ ကြားဝင်ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်တွေကိုပင် မုန်းတီးရေးပြင်းထန်နေတဲ့ လူမျိုးစွဲပုဂ္ဂိုလ်တွေက ရန်လိုမုန်းထားခဲ့ပါတယ်။ ဒါပေမယ့် နှစ်ဖက်သင့်မြတ်ရေးအတွက် အနစ်နာခံ ကြိုးပမ်းခဲ့တဲ့အတွက် ကိုယ်ပိုင်အတွေ့အကြုံတွေရပြီး ဆင်ခြင်သင့်မြတ်လာခဲ့တယ်။ တိုင်းရင်းသားချင်း အပြန်အလှန်

ခဲ့ကြတဲ့ နိုင်ငံရေးအင်အားစုများ၊ သပိတ်အဖွဲ့များဟာ သပိတ်တော့ ဆက်မှောက်ရဦးမှာပဲလို့ ဆက်လက်ဆန့်ကျင်ခဲ့ပါတယ်။ ဒါ့အပြင် အဲဒီလို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး လမ်းစဉ်နဲ့ ကြားဖြတ်အစိုးရကို တွင်တွင်ကြီး တောင်းခဲ့ပါတယ်။ ဒါဟာ အမျိုးသား အင်အားစုချင်း မစေ့စပ်ရေးမျိုးစေ့ကိုချခဲ့သလို ဖြစ်ပါတယ်။

ဒီကနေ့မှာတော့ ဒီအပေါ် လေးနက်စွာသင်ခန်းစာယူရမယ့် အချိန်အခါကောင်း ကျရောက်နေပြီဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံတွင် မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်မှုအရှိဆုံး မူဝါဒလမ်းစဉ်(၇) ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအလုပ်စခန်းကို စတင်နေလို့ဖြစ်ပါတယ်။ ဒီအခွင့်အခါကောင်းကို လက်လွတ်မခံဘဲ အမျိုးသားသင့်မြတ် စည်းလုံးရေး မျိုးစေ့ကိုချပြီး ဒီမိုကရေစီနိုင်ငံကို စည်းလုံးညီညွတ်စွာ ထူထောင်သွားကြဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမူဝါဒလမ်းစဉ် (၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်းဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

မျိုးစေ့ထုတ်စိုက်ခင်း သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၅

ကချင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ရုံးအတွင်းရှိ ဗဟိုပျိုးဥယျာဉ်နှင့် မျိုးစေ့ထုတ်စိုက်ခင်းအတွင်း ဇူလိုင် ၅ ရက်က ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ မြက်များရှင်းလင်းခြင်း၊ ပေါင်းနုတ်ခြင်း၊ မြေပြုပြင်ခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာ ညွှန်ကြားရေးမှူး ဦးတင်ချို့နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေတို့က ကြီးကြပ်ခဲ့ကြသည်။ (ပြည်နယ်/စည်ပင်)

ကြည့်ရှုစစ်ဆေး

ဖားကန့်မြို့ မြို့မဈေးကြီး ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးအတွက် ဈေးကြီးအရှေ့ဘက်တွင် မြက်များရှင်းလင်းခြင်း လုပ်ငန်းကို ဇူလိုင် ၂၂ ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကျော်ဇေယျ ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည် တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် ရှည်လျားတဲ့ဘဝသံသရာ**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွှဲ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Total Debters Account And Total Creditors Account (ဒုတိယနှစ်စီးပွား/စီမံ)
- ၅:၃၅ ၁၀။ ကြည်နူးရွှင်ပျော်ဖွယ်သရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မျက်ရည်မိုး (အပိုင်း-၁၃)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အမှန်တရားဘက်ကလှုပ်ရှားမားသမား (အပိုင်း-၂၈)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ကြေးမုံ
The Mirror
နိုင်ငံတကာ
သတင်းများ

အမေရိကန်၏လုပ်ရပ်ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဂုဏ်သိက္ခာထိခိုက်ခဲ့ ကမ္ဘာ့နိုင်ငံများသည် ကိုယ့်နိုင်ငံအရေးကိစ္စကို ကိုယ်တိုင်ဆုံးဖြတ်ခွင့် ရှိဟုဆို

ကိုင်ရို ဩဂုတ် ၅

ကမ္ဘာကြီးတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုများ ရရှိရန်အတွက် ဆောင်ရွက်ကြရာတွင် ကမ္ဘာ့စနစ်၌ အင်အားတစ်ခုတည်းမှ လွှမ်းမိုးသည့်ပုံစံအစား အင်အားပေါင်းစုံမှ ထိန်းညှိဆောင်ရွက်သော ပုံစံမျိုးကို ထူထောင်ဆောင်ရွက်သွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း ဘူထရို့စ်ဘူထရို့စ်ဂါလီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။ ဘူထရို့စ်ဂါလီသည် ကုလသမဂ္ဂအဖွဲ့၏ အတွင်းရေးမှူးချုပ်ဟောင်း ဖြစ်သည်။

ဩဂုတ်၃ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ကားတစ်စီးကို အီရတ်နိုင်ငံသားများ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၊အိန္ဒိယနိုင်ငံနှင့်ဥရောပသမဂ္ဂအဖွဲ့များသည် အပြည်ပြည်ဆိုင်ရာ အရေးအရာများတွင် ယခုထက်ပိုမို၍ ပါဝင်ဆောင်ရွက်သွားသင့်ကြောင်း ဂါလီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ၎င်းက ကိုင်ရိုမြို့၌ ဆင်ဟွာနှင့် သီးသန့်တွေ့ဆုံစဉ် အထက်ပါ စကားများကို ပြောကြားခြင်း ဖြစ်သည်။

ပြောင်းလဲကျင့်သုံး

ကမ္ဘာကြီးသည်မျက်မှောက်ကာလတွင် ကူးလူးယှက်နွယ် ဆက်သွယ်ဖြစ်ထွန်းလျက်ရှိသည်။ ထိုအခြေအနေမျိုးတွင် အင်အားတစ်ခုတည်း သို့မဟုတ် ဝင်ရိုးစွန်း တစ်ခုတည်းက ခြယ်လှယ်သည့် ပုံစံသည် ကမ္ဘာ့မြေအတွက် အကောင်းထက် အဆိုးကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ အပြည်ပြည် ဆိုင်ရာကိစ္စများတွင် အထက်ပါ ပုံစံအစား ဆန့်ကျင်ဘက် ဖြစ်သောပုံစံကို ပြောင်းလဲကျင့်သုံးခြင်းအားဖြင့် ကမ္ဘာ့စနစ်ကို လမ်းမှန်ပေါ်သို့ရောက်အောင် ဆောင်ကြဉ်းပေးနိုင်စရာ ရှိသည်ဟု ဂါလီကဆိုသည်။ ၎င်းသည် ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းနှင့် လူမျိုးတိုင်းသည် ၎င်းတို့၏ လိုလားချက်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်လုပ်ဆောင်ပိုင်ခွင့် ရှိကြသည်သာဖြစ်သည်ဟု ဂါလီက ဖြည့်စွက်ပြောကြား သွားသည်။ အမေရိကန်နိုင်ငံသည် မဟာအရှေ့အလယ်ပိုင်း နိုင်ငံရေးအစီအစဉ်တစ်ရပ်ကို တင်ပြခဲ့သည်။ ထိုအစီအစဉ်ကို ဂါလီက သဘောမတူဆန့်ကျင်သည်။ ထိုအစီအစဉ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၊ အီရန်နိုင်ငံနှင့် တူရကီနိုင်ငံများလည်း ပါဝင်နေသည်။ ထိုအစီအစဉ်ကို လုပ်ဆောင်ပါက အာရပ်ကမ္ဘာ၏သွေးစည်းညီညွတ်ရေးကို အားနည်းစေမည်ဖြစ်သည့် အပြင် ပါလက်စတိုင်းလူမျိုးများ၏ ပြဿနာကိုလည်း ပထားကြဉ်ထားရာကျသည်။ ထို့ပြင်မကသေးဘဲ အာရပ်ကမ္ဘာနှင့် ဥရောပသမဂ္ဂတို့၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကြိုးပမ်းမှုများကိုပါ ထိုးနှက်ခြင်းမည်သည်ဟု ဂါလီက ဝေဖန်ခဲ့သည်။

ဒီမိုကရေစီကျယ်ပြန့်လာရေးဆိုသော အစီအမံတစ်ရပ် ကိုလည်း အမေရိကန်တို့က ယခုနှစ် ဖေဖော်ဝါရီလတွင် ဖော်ထုတ်လှုပ်ရှားလာသည်။ ထိုအစီအစဉ်တွင်ပါဝင်မည့် ဒေသများမှာ အနောက်တောင်ဘက်တွင် မော်ရိုကိုနိုင်ငံ ဖြစ်ပြီး အရှေ့ဘက်တွင်အာဖဂန်နှင့် ပါကစ္စတန်နိုင်ငံများ အထိ ကျယ်ပြန့်သည်။ အမေရိကန်တို့၏ အထက်ပါ အစီအစဉ်ကို အာရပ်နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့်ဝေဖန်ခဲ့ကြ သည်။ အာရပ်ကမ္ဘာက ထိုအစီအစဉ်ကို ပြည်ပမှ ဝင်ရောက် စွက်ဖက်မှုတစ်ရပ်အဖြစ်ရှုမြင်ကြသည်။

ဖြစ်သင့်

အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်ရန် အကြောင်းရှိလျှင် ထိုအပြောင်းအလဲသည် အတွင်းမှလိုလား၍ဖြစ်ပေါ်လာသော အပြောင်းအလဲမျိုးသာ ဖြစ်သင့်သည်။ ပြင်ပမှ ဝင်ရောက် စွက်ဖက်၍ ပြောင်းလဲစေသောကိစ္စမျိုး မဖြစ်သင့်ကြောင်း ဂါလီက အလေးအနက်ပြောကြားသည်။ ဂါလီက ကုလ သမဂ္ဂအဖွဲ့ပြင်ဆင်ဖွဲ့စည်းရေးနှင့်ပတ်သက်၍လည်းပြောကြား ခဲ့သည်။ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် သူ့ကိုယ့်သူဥပဒေသဖွယ် ပြုမူနေသည့်အတွက် ကမ္ဘာ့အဖွဲ့ အစည်းကြီးဖြစ်သော ကုလသမဂ္ဂမှာ အကြီးအကျယ် အကျပ် ဆိုက်လာရသည်။

အမေရိကန်နိုင်ငံသည်ကုလသမဂ္ဂအဖွဲ့၏ အဆုံးအဖြတ် မပါဘဲနှင့် ၁၉၉၉ခုနှစ်တွင် ကိုဆိုဗိုစစ်ပွဲကို လည်းကောင်း၊ ၂၀၀၃ခုနှစ်တွင် အီရတ်စစ်ပွဲများကို ငါတကောကောကော ဆင်နွှဲခဲ့သည်။ ထိုလုပ်ရပ်သည် မျက်မှောက်ခေတ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အရှိန်အဝါသြဇာအာဏာနှင့် ဂုဏ်သိက္ခာကို များစွာထိခိုက်ခဲ့ရသည်ဟု ဂါလီက သုံးသပ် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းနိုင်ငံရေးကိစ္စများနှင့် ပတ်သက်လာလျှင် မျှတစွာရပ်တည်ခဲ့သည်။ ထိုရပ်တည် ချက်သည် တရုတ်-အာရပ်ဆက်ဆံရေး တိုးတက်ဖြစ်ထွန်း လာစေရန်အထောက်အကူပြုစေခဲ့ကြောင်း ဂါလီကပြောကြား သွားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

အီရတ်ကို အမေရိကန်တို့ သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း မိုဆူးလ်မြို့တွင် အပြင်းထန်ဆုံး တိုက်ပွဲဖြစ်ပွားရာ လူ၁၂ ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၅

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အီရတ်ရဲတပ်ဖွဲ့ အရာရှိများနှင့် အီရတ် ခုခံတိုက်ခိုက်ရေးသမားတို့ တိုက်ပွဲဖြစ်ပွားရာ လူ ၁၂ဦး သေဆုံးပြီး ဒါဇင်နှင့်ချီသည့် လူများဒဏ်ရာရရှိခဲ့သည့်အတွက် မိုဆူးလ်မြို့ အာဏာပိုင်များက ကာဖျူးအမိန့်ကို ချက်ချင်းထုတ်ပြန် လိုက်ရသည်။ ထိုအတောအတွင်း အီရတ်နိုင်ငံတောင်ပိုင်းတွင် အီရတ်ခုခံ တိုက်ခိုက်ရေးသမားများက ဖမ်းဆီးထားသည့် နိုင်ငံခြားသားခြောက်ဦး မှာ ပြန်လွှတ်မြောက်လာသည်။ အချို့ဓားစာခံများကို ဒေသန္တရ ခေါင်းဆောင်များက စီးနင်းဝင်ရောက် ကယ်တင်ခဲ့ရခြင်းဖြစ်သည်။

ပစ်မှတ်ထား

မိုဆူးလ်မြို့တွင် မျက်နှာဖုံးများစွပ်ထားကြပြီး သေနတ်များ ကိုင်ဆောင်ထားသည့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် မွန်းတည့်ချိန်တွင် မြို့လယ်၌ ဗင်ကားတစ်စီးပေါ်မှ ထွက်လာကာ အဓိကလမ်းမကြီးနှစ်ခုတစ်လျှောက် သေနတ်များနှင့် ဇုံ့ယမ်းပစ်ခတ် ကြသည်။ အီရတ်ရဲတပ်ဖွဲ့ဝင်များက တုံ့ပြန်ပစ်ခတ်၍ ပစ်ခတ်မှုမှာ အနည်းဆုံး သုံးနာရီခန့်ကြာမြင့်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ မိုဆူးလ်မြို့၌ ဖြစ်ပွားသည့် တိုက်ပွဲမှာလွန်ခဲ့သည့် တစ်နှစ်ကျော်က အီရတ်သို့ အမေရိကန်တို့ ကျူးကျော် ဝင်ရောက် ခဲ့သည့်နောက်ပိုင်း အပြင်းထန်ဆုံး ဖြစ်ပွားခြင်းဖြစ်ပြီး အီရတ်ခုခံ တိုက်ခိုက်မှုများ ကြီးထွားခဲ့သည်။ ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၂၅၀ ခန့်အကွာတွင် တည်ရှိသည့် မိုဆူးလ်မြို့သည် ဗုံးများဖြင့် မကြာခဏဆိုသလို ပစ်မှတ်ထားတိုက်ခိုက်ရာမြို့ဖြစ်ပြီး တနင်္ဂနွေနေ့က တိုက်ခိုက်မှုများကြောင့် လူ ၁၂ ဦး သေဆုံးခဲ့သည်။

ထိန်းချုပ်

တိုက်ဂရစ်မြစ်အနောက်ဘက်ကမ်းတွင် တိုက်ခိုက်မှုများဖြစ်ပွား သည့်အတွက် ကျယ်လောင်သည့် ပေါက်ကွဲသံကြီးများကို ကြားခဲ့ရ သည်။ မိုဆူးလ်မြို့အာဏာပိုင်များသည် တိုက်ခိုက်မှုများကို ထိန်းချုပ် နိုင်ရေးအတွက် လမ်းများကိုပိတ်ပစ်ခဲ့သည်။ ထိုအတောအတွင်း အီရတ်သမ္မတ ဂါဇီအယ်လ်ဟာဝါ၏နေအိမ်ကို အီရတ်ခုခံတိုက်ခိုက်ရေး သမားများက တိုက်ခိုက်ခဲ့သည့်အတွက် အမေရိကန်ရဟတ်ယာဉ်များက ဒုံးကျည်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရသည်။ သို့ရာတွင် ဆိုးဆိုးရွားရွား ထိခိုက်ရရှိမှုမရှိပေ။ ဟာဝါသည် မိုဆူးလ်မြို့မှဖြစ်သော်လည်း ဇွန်လက သမ္မတရာထူးမှ ထမ်းဆောင်ပြီးနောက် ဘဂ္ဂဒက်မြို့တွင် နေထိုင် နေသည်။ **အင်တာနက်။**

အီရတ်ရှေးဟောင်းပစ္စည်းများ ကန်သုတေသီ ခိုးသွင်းမှုဝန်ခံ

နယူးယောက် ဩဂုတ် ၅

အီရတ်စစ်ပြီးကာလ ပြန်လည်တည်ဆောက်ရေးဆိုင်ရာအမေရိကန် ကျွမ်းကျင်သူတစ်ဦးက အမေရိကန် တပ်များ ကျူးကျော်ပြီးနောက် အီရတ်အမျိုးသား ပြတိုက်မှ လုယက် ပျောက်ဆုံးသွားသော လွန်ခဲ့သည့် နှစ်ပေါင်း၄၀၀၀ကရှေးဟောင်းပစ္စည်း များခိုးသွင်းခဲ့၍ အပြစ်ရှိကြောင်း ဝန်ခံလိုက်ပြီဟု သိရသည်။

ထိုအမေရိကန်သုတေသီမှာဂျိုးဇက် ဘရော်ဒီ(၂၉နှစ်)ဖြစ်သည်။အကောက် ခွန်အရာရှိများအား လိမ်ညာ၍ ရှေး ဟောင်း ပစ္စည်းခိုးသွင်းမှုဖြင့် တရားစွဲ ခံရပြီးတရားရုံး၌စစ်ဆေးရာတွင်ဒုတိယ နေ့ဖြစ်သော အင်္ဂါနေ့က ဂျိုးဇက် ဘရော်ဒီက သူကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုလိုက်ခြင်းဖြစ်သည်။

အင်တာနက်။

သားသုံးဦးကို ပြန်ပေးသမားများက လွှတ်ပေးပြီးနောက် အီရတ်ပြည်နယ် အုပ်ချုပ်ရေးမှူး ရာထူးမှနုတ်ထွက်

ရာမာဒီ ဩဂုတ် ၄

ရာထူးမှ နုတ်ထွက်မည်ဟူသော စည်းကမ်းချက်အရ အီရတ်နိုင်ငံမှ ပြန်ပေးသမားများက သားဖြစ်သူ သုံးဦးကို ပြန်လည်လွှတ်ပေးလိုက်ပြီးနောက် အီရတ်နိုင်ငံမှ မတည်မငြိမ်ဖြစ်နေသည့် အယ်လ်အန်ဘာပြည်နယ် အုပ်ချုပ်ရေးမှူး အဗ္ဗဒမ်ကာရမ်ဘာဂျီသည် ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးမှ အနားယူခဲ့သည်။

ရက်သတ္တတစ်ပတ်ကြာ ဖမ်းဆီးခံရပြီးနောက်တွင် အသက် ၁၅ နှစ်မှ ၃၀ အကြားရှိ မိမိသားများကို ဖော်လူဂျာမြို့တွင် ပြန်လည်လွှတ်ပေးခဲ့ပြီးနောက် ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးမှ မိမိအနားယူခဲ့ခြင်းဖြစ်ကြောင်း ၎င်းက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။ မိမိသည် ပြန်ပေးရွေးငွေ လုံးဝမပေးခဲ့ရကြောင်းနှင့် ရာထူးမှနုတ်ထွက်ပေးရမည်ဟူသော ပြန်ပေးသမားများ၏ တောင်းဆိုချက်ကို အလျှော့ပေးလိုက်လျှော့ခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြား သည်။ ရာမာဒီမြို့၏ အုပ်ချုပ်ရေးမှူး မိုဟာမက်အေဘက်အေဝက်က ၎င်း၏ တာဝန်ဝတ္တရားများကို လွှဲပြောင်းရယူခဲ့သည်။

အလုပ်သို့သွားနေစဉ်အတောအတွင်း ရာမာဒီမြို့ရှိ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ နေအိမ်သို့ သေနတ်သမားများက စီးနင်းဝင်ရောက်ကာ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ သားသုံးဦးတို့ကို ပြန်ပေးဆွဲခဲ့သည်။ ရာမာဒီမြို့သည် ဆွန်နီတို့အများစု နေထိုင်ရာ အယ်လ်အန်ဘာပြည်နယ်၏ အဓိကမြို့ကြီးဖြစ်သည်။ အဆိုပါ ပြည်နယ်တွင် မတည်မငြိမ်ဖြစ်နေသည့် ဖော်လူဂျာမြို့လည်းပါဝင်သည်။ ဖော်လူဂျာမြို့သည် အမေရိကန်တပ်ဖွဲ့ဝင်များ အမြဲတစေတိုက်ခိုက်ခံနေရသည့် မြို့ဖြစ်ပြီး ဆက်ဒမ်ဟူစိန်အား သစ္စာစောင့်သိသူများ အင်အားကြီးထွားနေဆဲဖြစ်သည်။ **အင်တာနက်။**

ဩဂုတ်၃ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် လုံခြုံရေး စောင့်ကြပ်နေသည့် ရှီးယိုက်လက်နက်ကိုင် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပဲခူးမြို့နယ် အင်းတကော်စံပြကျေးရွာနှင့် လှည်းကူးမြို့နယ်သို့ ကွင်းဆင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကြည့်ရှု

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်စံပြကျေးရွာနှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တို့သို့ သွားရောက်၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြိုဆို

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီ ၁၅မိနစ်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စံပြကျေးရွာသို့ ရောက်ရှိကြရာ ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာဒေါ်တင်တင်ဝင်းနှင့် ကော်မတီဝင်များ၊ ခရိုင်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဦးချစ်ကိုကို၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အင်းတကော် စံပြကျေးရွာ ကျေးလက် ကျန်းမာရေးဌာနရှိ အင်းတကော်စံပြကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲ၏ ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးဟောပြောပွဲသို့ ရောက်ရှိကြပြီး ဟောပြောပို့ချသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အင်းတကော် စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအတွင်း ပြသထားသည့် ကျန်းမာရေး အသိပညာပေး ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အင်းတကော် စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲရုံးသို့ ရောက်ရှိကြပြီး ကျေးရွာပညာပဒေသာဌာန စာဖတ်ခန်းတွင် ပြသထားသော မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် စာဖတ်ခန်းကို ကြည့်ရှုကြသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် နံနက် ၉နာရီ ၄၅မိနစ်တွင် အင်းတကော် စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲရုံးခန်း၌ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ဗဟိုအလုပ်အမှုဆောင်များ၊ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ မောင်မောင်မြင့်နှင့် ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ အင်းတကော် စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်ကျော့ရွှေက အသင်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်းကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ပဲခူးတိုင်း ပဲခူးမြို့ အင်းတကော်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေး ဟောပြောပွဲတွင် ဟောပြောပို့ချသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အင်းတကော် စံပြကျေးရွာ အသင်းခွဲအတွက် လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ဆေးဝါးများကို ပေးအပ်ရာ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်ကျော့ရွှေက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အင်းတကော် စံပြကျေးရွာအတွင်း ယင်လုံအိမ်သာတည်ဆောက်ထားမှု၊ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ထားရှိမှု၊ မိသားစုတစ်ပိုင်တစ်နိုင် အရိပ်ရပင်နှင့် သီးပင်များ စိုက်ပျိုးထားရှိမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းမှတစ်ဆင့် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းသို့ရောက်ရှိပြီး အသင်း၏ သားဖွားခန်းကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားပေးစကားပြောကြား

ဆက်လက်၍ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ချက်၊ ပညာရေးလုပ်ငန်း ဆောင်ရွက်ချက်နှင့် အသင်း၏ ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး ကိုယ်ဝန်ဆောင် မိခင်များအား တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် မွေးဖွားလူနာ နားနေဆောင်အတွင်းရှိ မွေးဖွားပြီး မိခင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆေးဝါး၊စရိတ် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆွေးနွေးမှာကြား

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် လှည်းကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များအား တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း၏ ဇနီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စုများမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ လှည်းကူးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်စန်းယဉ်ဝင်းက အသင်း၏ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များ၊ အသင်းပိုင် သားဖွားခန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှည်းကူး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းအတွက် လှူဒါန်းသည့် ဆေးဝါးများကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လှည်းကူးမြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၀၄ (စနေနေ့)

၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်းနံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပဒေသာ
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ ရန်ကုန်တိုင်း မဟူရာရေလှောင်တာမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၁၅)**
- ၂:၁၀ ၇။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် မျိုးပွားခြံ (မုဒုံမြို့)
- ၂:၂၀ ၈။ **နိုင်ငံ့သားကောင်းဟူသည် (ဌေးဝင်း၊ မြင့်ဝေ၊ သန်းဝင်း၊ ကျော်ရှိန်၊ တင်တင်အိ၊ တင်မိုမို့အေး) (ဒါရိုက်တာ-ဌေးဝင်း)**
- ၂:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၀၃ခုနှစ် ပညာရေးစုံညီပွဲတော် (ဗဟိုအဆင့်) ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ (တတိယဆု) (အထက-၁၊ ကျောက်တန်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၅:၁၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၂၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၅:၃၀ ၇။ တေးဂီတအစီအစဉ်
- ၅:၄၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၁၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆:၂၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Discovery
- ၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းဗိုင်ငယ် (အပိုင်း-၃)**
- ၇:၄၅ ၁၅။ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီ (ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသော အချစ် (အပိုင်း-၁၃)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့က တင်ပြခဲ့သည့် စာတမ်းများကို ညီလာခံသဘာပတိအဖွဲ့က ညှိနှိုင်းပေါင်းစပ်ပြီး အခြေခံမူများချမှတ်နိုင်ရေးဆောင်ရွက် ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံအတွက် အဆောက်အအုံများအချိန်ရခိုက်ပြုပြင်

ရန်ကုန် ဩဂုတ် ၆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂၀/၂၀၀၄)ကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွဋ်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်တွဲဖက် အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူး အဖြစ်ဆောင်ရွက်သည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၄ခုနှစ် ဇူလိုင် ၉ရက်တွင် အမျိုးသားညီလာခံက ဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ်ပြီးစီး၍ ညီလာခံရပ်နားခဲ့ပြီးနောက် ဆက်လက်ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံတွင် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ရှစ်ဖွဲ့တို့က တင်ပြခဲ့သည့်စာတမ်းများကို အမျိုးသားညီလာခံ သဘာပတိအဖွဲ့အနေဖြင့် ညှိနှိုင်းပေါင်းစပ်ပြီး အခြေခံမူများချမှတ်နိုင်ရေး ဆောင်ရွက်ရန်ရှိရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက လိုအပ်သလို ကူညီ ဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း။

၂၀၀၄ခုနှစ် မေ ၁၇ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပခဲ့သော အမျိုးသားညီလာခံ၏ ဆောင်ရွက်ချက်များကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အနေဖြင့် အစီရင်ခံစာတစ်စောင် ပြုစုပြီး မှတ်တမ်းတင် ထားရမည်ဖြစ်ကြောင်း။

တိုးချဲ့ပြုပြင်

တစ်ဖက်ကလည်း ဆက်လက်ကျင်းပသွားမည့် အမျိုးသားညီလာခံအတွက် အဆောက်အအုံများတိုးချဲ့ပြုပြင်ရန် လိုအပ်ချက်များကို ကြည့်ရှုလေ့လာပြီး အချိန်ရခိုက် တိုးချဲ့ပြုပြင်သွားရန်လိုကြောင်း၊ သုံးစွဲခဲ့သည့် ပစ္စည်းများကို မပျက်မယွင်းရအောင် စနစ်တကျ ထိန်းသိမ်းထားရန်နှင့် မကြာမကြာ စစ်ဆေးမှုများ ပြုလုပ်သွားရန် မှာကြားလိုကြောင်း။

ပြီးခဲ့သည့် အမျိုးသားညီလာခံတွင် သုံးစွဲကုန်ကျခဲ့သည့် ငွေကြေးစာရင်းဇယားများကို စနစ်တကျထားရှိရန်နှင့် စာရင်းစစ်အဖွဲ့က ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးသွားရန် ဖြစ်ကြောင်း။

လာမည့် အမျိုးသား ညီလာခံတွင် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့သည် ယခုကဲ့သို့ပင် အစဉ်မပြတ်တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၄ ခုနှစ် မေ၁၇ရက်မှ ၂၀၀၄ခုနှစ် ဇူလိုင် ၉ရက်အထိ ကျင်းပခဲ့သော အမျိုးသားညီလာခံနှင့်ပတ်သက်၍ အစီရင်ခံစာပြုစုရေးသားမှုအခြေအနေ၊အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းများ ပြုစုထားမှုအခြေအနေနှင့် အမျိုးသားညီလာခံကျင်းပသည့် မော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိ အဆောက်အအုံများပြုပြင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံ၌ ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တို့မှ တင်သွင်းသောစာတမ်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညောင်နှစ်ပင်စခန်းတွင် ထားရှိသော ပစ္စည်းများကို စနစ်တကျထိန်းသိမ်း စောင့်ရှောက်မှုအခြေအနေ၊ ဆေးကုသမှု ခံယူနေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ပြုစုစောင့်ရှောက်အကူအညီပေးနေမှု အခြေအနေနှင့် အမျိုးသားညီလာခံအတွက်ပေးအပ်ထားသော အလှူငွေများ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုအခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျေးလက်ဒေသစက်ရေတွင်းများတူးဖော်ရေး အလှူရှင်များဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄နှင့်ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

၂၀၀၄–၂၀၀၅ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ဒေးဒရဲမြို့နယ် သက္ကယ်ချောင်ကျေးရွာမူလတန်းကျောင်းအတွက် ပညာသင်စရိတ်အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၆

ဒေးဒရဲမြို့နယ် သက္ကယ်ချောင် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၀၄–၂၀၀၅ခုနှစ် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုပေးအပ်နိုင်ရေးအတွက် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ဒီလိုင်းစားသောက်ကုန်လုပ်ငန်းရှင် ဦးကျော်နိုင်က ဇူလိုင် ၃၀ရက်တွင် ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထိန်လင်းက ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ လွှဲပြောင်းပေးအပ်လိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ နဝင်္ဂဥပေါသထ ကိုးပါးသီလချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၆

၂၀၀၄ခုနှစ် ဩဂုတ် ၈ရက် (တနင်္ဂနွေနေ့)တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ် သက္ကယ်ချောင် အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၀၄–၂၀၀၅ခုနှစ် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆု ပေးအပ်နိုင်ရေးအတွက် အလှူငွေ ကျပ်တစ်သိန်းကို အလှူရှင်က ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်၊ပြန်/ဆက်)



☆ နိုင်ငံတော်မှ

မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှ ဝင်ငွေရရှိမှု အခြေအနေ၊ ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဝင်ငွေရရှိမှု အခြေအနေ၊ ၂၀၀၄–၂၀၀၅ ခုနှစ် ဝင်ငွေနှင့်အသုံးစရိတ်အချိုး၊ နိုင်ငံတော်နှင့်ပုဂ္ဂလိကအကျိုးတူကျောက်မျက်ရတနာလုပ်ငန်းများအခြေအနေ အပါအဝင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်မျက်ရတနာနယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၏ အခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ တူးဖော်ခွင့်ပြုနေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြီး ကျောက်မျက်ရတနာလုပ်ငန်းမှ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိရေး၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်မျက်ရတနာလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောက်မျက်ရတနာလုပ်ငန်းရှင်တစ်ဦးက ပေးအပ်ထားသည့် အမတေကဲ့သို့ အလွန်ထူးခြားသည့် ကျောက်မျက်ရတနာနှစ်တုံးကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်ရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က လက်ခံသည်။

အဆိုပါထူးခြားသော ကျောက်မျက်ရတနာမှာ ကျောက်သားအတွင်း လှုပ်ရှားလျက်ရှိသည့် အရည်ဝင်နေပြီး အမတေကဲ့သို့ အလွန်ထူးခြားသော ကျောက်မျက်ရတနာဖြစ်ပြီး ကချင်ပြည်နယ် ဖားကန့် ရတနာနယ်မြေမှ ရရှိကြောင်းသိရသည်။

အဆိုပါ ကျောက်မျက်ရတနာကို အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ထိန်းသိမ်းပြသထားမည်ဟုသိရသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မကွေးတိုင်းအတွင်းရှိရေနံမြေနှင့် စက်ရုံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၃၁ ရက်တွင် မကွေးတိုင်း မင်းဘူးမြို့နယ်အတွင်းရှိ မန်းရေနံမြေနှင့် ထောက်ရှာပင်ရေနံမြေများသို့ ရောက်ရှိ၍ ရေနံအထွက်တိုးရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် MPRL, FEL ကုမ္ပဏီတို့မှ တာဝန်ရှိသူများအား တွေ့ဆုံကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပြီး တူးဖော်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရေနံချောင်းရေနံမြေသို့ ရောက်ရှိ၍ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော Gold Petrol ကုမ္ပဏီမှ တာဝန်ရှိသူများအား တွေ့ဆုံကာ ရေနံအထွက်တိုးရေးလုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးပြီး ရေနံချောင်း ရေနံမြေတွင် ထပ်မံတွေ့ရှိသည့် ပေ ၄၇၀၀ သဲကြောမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်လျက်ရှိသော တွင်းအမှတ် (၃၂၃၀)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ရေနံ ဓာတုဗေဒ လုပ်ငန်း အမှတ်(၁) ဓာတ်မြေဩဇာ စက်ရုံ(စလေ)သို့ရောက်ရှိပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ စက်ရုံပြုပြင်ရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁ရက်တွင် ချောက်ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ရေနံအထွက်တိုးရေး၊အလေအလွင့်ထိန်းသိမ်းရေး၊ လုံခြုံရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စပယ်ရေနံမြေနှင့် သာကြီးတောင်ရေနံမြေများသို့ ရောက်ရှိပြီး ရေနံမြေအထွေထွေ မန်နေဂျာနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းပြီး တူးဖော်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပခုက္ကူမြို့နယ် ဂျိုးပုံကျေးရွာအနီးရှိ ဆိုက်စမစ်တိုင်းတာရေးအဖွဲ့(၁)စခန်းသို့ ရောက်ရှိပြီး ဆိုက်စမစ်လိုင်းများ တိုင်းတာပြီးစီးမှုများနှင့် လုပ်ငန်းသုံး ယာဉ်ယန္တရားပစ္စည်းများ အခြေအနေကိုလိုက်လံကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လက်ပံတိုရေနံမြေနှင့် ကျောက်ခွက်ရေနံမြေများသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ တွင်းသစ်တူးဖော်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၂ရက်တွင် မြိုင်မြို့နယ် ကိုင်းတောမ ကျေးရွာအနီးရှိ ဆိုက်စမစ်တိုင်းတာရေးအဖွဲ့(၂) စခန်းသို့ သွားရောက်စစ်ဆေးသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်အရာတော် ရေနံမြေစုပေါင်းရေနံလက်ခံသိုကန်တန်းသို့သွားရောက်၍ စုပေါင်းရေနံလက်ခံသိုကန်တန်း၌ တာဝန်ရှိသူများနှင့် အတူ ရေနံလက်ခံ သိုလှောင်တင်ပို့မှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး၊ အလေအလွင့်မရှိစေရေး၊တွင်းသစ်များ တူးဖော်နိုင်ရန်အတွက် ဆိုက်စမစ်အဖွဲ့များက ဘူမိရူပဗေဒ အချက်အလက်များရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ချမှတ်ထားသည့် စီမံချက်များအတိုင်း အချိန်မီပြီးစီး အောင်မြင်ရေးအတွက် ကြိုးပမ်းကြရန် ဆွေးနွေးမှာကြားပြီးလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)



ကချင်ပြည်နယ် ဖားကန့်ရတနာနယ်မြေမှ ရရှိသော ကျောက်သားအတွင်းလှုပ်ရှားလျက်ရှိသည့် အရည်ဝင်နေပြီး အမတေကဲ့သို့ အလွန်ထူးခြားသော ကျောက်မျက်ရတနာကိုတွေ့ရစဉ်။ (အဆိုပါကျောက်မျက်ရတနာကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ပြသထားမည်ဖြစ်သည်။) (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လအတွက်

(၈–၈–၂၀၀၄)ရက်နေ့

နှင့်

(၂၉–၈–၂၀၀၄)ရက်နေ့

ချစ်ကြည်ရေးခြေစမ်းပွဲ အဖွဲ့ချုပ်လက်ရွေးစင်နှင့် မိုဟမ်ဘာဂမ်ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၆

မြန်မာ–အိန္ဒိယချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်ဘောလုံးအသင်းနှင့်အိန္ဒိယနိုင်ငံအနောက် ဘင်္ဂေါပြည်နယ်မှ မိုဟမ်ဘာဂမ်ဘောလုံးအသင်းတို့ ဩဂုတ် ၇ ရက်(ယနေ့)ညနေ၄နာရီတွင် လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဩဂုတ် ၃ ရက်က ယှဉ်ပြိုင်ကစားသည့် ပထမခြေစမ်းပွဲစဉ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်အသင်းက အိန္ဒိယနိုင်ငံမှ မိုဟမ်ဘာဂမ်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဩဂုတ် ၅ ရက်က ယှဉ်ပြိုင်ကစားသည့် ဒုတိယခြေစမ်းပွဲစဉ်တွင် အိန္ဒိယနိုင်ငံမှ မိုဟမ် ဘာဂမ်အသင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လူငယ်ညွှန့်ပေါင်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲစဉ်သည် အဖွဲ့ချုပ်လက်ရွေးစင် အသင်းနှင့် မိုဟမ်ဘာဂမ်အသင်းတို့ ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်အသင်းတွင် (ဂိုး)အောင်အောင်ဦး၊ ထွန်းထွန်းလင်း၊ ကျော်မင်းလှိုင်၊ (နောက်တန်း)မင်းသူ၊ စိုးလင်းထွန်း၊ မိုးကျော်သူ၊ အောင်ကျော်မိုး(၂)၊ အောင်ဇော်မျိုး၊ ဟန်ဝင်းအောင်၊ ကျော်ခိုင်ဝင်း၊ ကျော်ဇေယျာမင်း၊ ဇော်ထက်အောင်၊ ဇော်လင်းထွန်း(၂)၊(အလယ်တန်း)စိုးမြတ်မင်း၊ အောင်ကျော်မိုး(၁)၊ ဇော်ဇော်၊ စန်းမောင်၊ မာလ၊ ဘိုဘိုအောင်၊ ထွန်းထွန်းဝင်း၊ မောင်မောင်အောင်၊ မျိုးမင်းထွန်း၊ ကျော်ဇင်ဝင်း၊(ရှေ့တန်း) ရန်ပိုင်၊ ဇော်ထိုက်၊ထွန်းမင်းဦး၊ နိုင်ဝင်းနှင့် ထွန်းမင်းနိုင်တို့ ပါဝင်ကြသည်။ (က–ပ)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးအား ရေနံချောင်း ရေနံမြေရှိ တွင်းအမှတ် (၃၂၃၀)မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။ (စွမ်းအင်)

ရောဝတီအ

နိုင်ငံတော်အ
ရောဝတီအနော
အင်္ဂါရပ်များနှင့်
စီမံဆောင်ရွက်သ
ပတ်ဝန်းကျင်ဒေ
လာရောက်ပြီး လို
စီမံဆောင်ရွက်ပေ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သြဂုတ် ၄ ရက်က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အသီးသီး၌ နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ပ

ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ တိုးပွားခိုင်မြဲမ

✡ ရှေ့ဖုံးမှ

ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူတက္ကသိုလ်ပင်မဆောင် ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးမြင့်က ပခုက္ကူတက္ကသိုလ် သင်ကြား/စီမံဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဒေါင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ပခုက္ကူတက္ကသိုလ်ပင်မဆောင် ဆောက်လုပ်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို လည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။

မှာကြား

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ ညှိနှိုင်းစီစဉ်ပေးပြီး တက္ကသိုလ် အဆောက်အအုံများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် တည်ဆောက်ရေး မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကနှင့် နည်းပြ သရုပ်ပြများအား တွေ့ဆုံ၍ ပညာရေးဆိုင်ရာများကို မေးမြန်းပြီး ဆောင်ရွက်ပေးဖွယ်ရာများကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူတက္ကသိုလ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးဌေးဦးက ပခုက္ကူခရိုင်အတွင်း အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးမှု၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများနှင့် ပံ့ပိုးပေးစေလိုသော လုပ်ငန်းလိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပခုက္ကူမြို့ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄) အခြေခံပညာအထက်တန်း ကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီစီဒီစက်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများထံ ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်သည်များ ပံ့ပိုးဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပခုက္ကူမြို့ ဝန်းကျင်ဒေသများဖြစ်သော ရောဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန်နှင့် ဒေသတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား မှာကြားဖွယ်ရာများ တွေ့ဆုံမှာကြားနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ပခုက္ကူခရိုင်အတွင်း ရေစကြိုမြို့နယ်နှင့် ပေါက်မြို့နယ်များသို့ ယနေ့နံနက်ပိုင်းတွင် ဝင်ရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အထူးသဖြင့် ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေးအခြေခံများ တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးထောက်ကူမှုများ စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

လမ်းညွှန်မှုပြုထား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ပခုက္ကူမြို့ကို ရောဝတီအနောက်ဘက်ခြမ်းမြို့တော်အဖြစ် သတ်မှတ်ပြီး မြို့တော်အင်္ဂါရပ်များနှင့်အညီ တိုးတက်ဖြစ်ထွန်းလာရေးအတွက် ကူညီပံ့ပိုး စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားခဲ့ပြီးနောက် ပခုက္ကူမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ မကြာခဏလာရောက်ပြီး လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများအစဉ်တစိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ပခုက္ကူ ခုတင် ၂၀၀ဆံ့ ဆေးရုံကြီးအပါအဝင် ပခုက္ကူခရိုင်အတွင်း ခုတင် ၅၀ ဆံ့ ဆေးရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ အပါအဝင် ဆေးရုံပေါင်း ၁၅ ရုံ တည်ရှိနေပြီဖြစ်ကြောင်း။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သြဂုတ် ၄ရက်က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပခုက္ကူမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီစီဒီစက်၊ ကွန်ပျူတာတစ်စုံနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

ပညာရေး

ပညာရေးကဏ္ဍတွင်လည်း ပခုက္ကူတက္ကသိုလ်ကြီး ဖွဲ့စည်းထူထောင်ပေးခဲ့ပြီး ဖြစ်သည့်အတွက် ယခုအခါတွင် တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ သစ်လွင်ခံ့ညားထည်ဝါသည့် တက္ကသိုလ် အဆောက်အအုံကြီးကို တည်ဆောက်ပေးလျက် ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် ပခုက္ကူ အစိုးရ ကွန်ပျူတာကောလိပ်နှင့် ပခုက္ကူ အစိုးရ နည်းပညာကောလိပ်တို့ကိုလည်း ထူထောင်ပေးခဲ့ပြီးဖြစ်ရာ လိုအပ်သော အဆောက်အအုံများ ဆက်လက်ဖြည့်တင်း တည်ဆောက်ပေးလျက်ရှိကြောင်း။

ချည်မျှင်နှင့်အထည်စက်ရုံ

ပခုက္ကူဒေသသည် ဝါစိုက်ပျိုး ထွက်ရှိသည့် ဒေသဖြစ်သည့်အတွက် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးကို တည်ဆောက်ပေးလျက်ရှိရာ စက်ယန္တရားများ စတင်တပ်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီး မကြာမီဖွင့်လှစ်ပေးနိုင်တော့မှာ ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက်လည်းဆည်မြောင်းတာတမံများအပြင် မြစ်ရေတင်စီမံကိန်းများ မြောက်မြားစွာ တည်ဆောက်ပေးထားပြီးဖြစ်သလို ဆက်လက်ပြီးလည်း တည်ဆောက်ပေးနေဆဲဖြစ်ကြောင်း။

ယခုဆိုလျှင် မကွေးတိုင်းအ
တည်ဆောက်ပြီး ဆည်ပေါင်း
ရှိပြီဖြစ်သည့်အပြင် ဆည်
တည်ဆောက်ဆဲဖြစ်ပြီး ဆက်
တည်ဆောက်မည့် ဆည်
စီမံကိန်း ၁၁ ခု လျာထားဆော
နေပြီဖြစ်ကြောင်း။

မြစ်ရေတင်စီမံကိန်း

မြစ်ရေတင်စီမံကိန်း အ
ကြည့်မည်ဆိုလျှင် ၄၆ခု တည်
ပေးထားပြီးဖြစ်ပြီး တည်ဆော

**ပခုက္ကူမြို့၌ အမှတ်(
လုပ်ငန်း ပခုက္ကူချည်မျှင်နှင့်
ပြီးစီးမှုအခြေအနေကို တွေ့**

ပခုက္ကူမြို့ လေဆိပ်ပင်မဆောင် အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

(သတင်းစဉ်)

ဧရာဝတီအနောက်ခြမ်းမြို့တော်အဖြစ် တိုးတက်ဖြစ်ထွန်းရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပခုက္ကူမြို့ကို ဧရာဝတီအနောက်ဘက်ခြမ်း မြို့တော်အဖြစ် သတ်မှတ်ပြီး မြို့တော် အင်္ဂါရပ်များနှင့်အညီ တိုးတက်ဖြစ်ထွန်းလာရေးအတွက် ကူညီပံ့ပိုး စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားခဲ့ပြီးနောက် ပခုက္ကူမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ မကြာခဏ လာရောက်ပြီး လိုအပ်သည့်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ အစဉ်တစိုက် စီမံဆောင်ရွက်ပေးလျက်ရှိ။

ဖြိုးတိုးတက်ပါမှ
ပွားခိုင်မြဲမည်

ယခုဆိုလျှင် မကွေးတိုင်းအတွင်း
တည်ဆောက်ပြီး ဆည်ပေါင်း ၂၆ခု
ရှိပြီဖြစ်သည့်အပြင် ဆည်ကိုးခု
တည်ဆောက်ဆဲဖြစ်ပြီး ဆက်လက်
တည်ဆောက်မည့် ဆည်မြောင်း
စီမံကိန်း ၁၁ ခု လျာထားဆောင်ရွက်
နေပြီဖြစ်ကြောင်း။

မြစ်ရေတင်စီမံကိန်း

မြစ်ရေတင်စီမံကိန်း အနေဖြင့်
ကြည့်မည်ဆိုလျှင် ၄၆ခု တည်ဆောက်
ပေးထားပြီးဖြစ်ပြီး တည်ဆောက်ဆဲ စီမံကိန်းတစ်ခု ရှိသည့်အပြင် မြစ်ရေတင်စီမံကိန်း ခြောက်ခု ဆက်လက် ဆောင်ရွက်သွားရန် စီမံလျာထားပြီးဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင်လည်း လေယာဉ်ကြီးများဆင်းနိုင်မည့် ပခုက္ကူလေယာဉ်ကွင်းသစ်ကြီးကို တည်ဆောက်လျက်ရှိရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မကွေးတိုင်းနှင့်ချင်းပြည်နယ်တို့ကို တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အလျောက် ပခုက္ကူနှင့် ချင်းပြည်နယ်မြို့များ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေမည့် အစီအမံများ စီမံဆောင်ရွက်လျက်ရှိကြောင်း။

လမ်းပေါက်ရေး

ပခုက္ကူမှ ချင်းပြည်နယ်သို့ လမ်းများကို ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်မွမ်းမံ ဖောက်လုပ်ပေးလျက်ရှိရာ ပခုက္ကူ–မင်းတပ်–မတူပီ–ရေဇွာ–ဟားခါးတောက်လျှောက် လမ်းဖောက်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

မကြာသေးမီကလည်း ချင်းပြည်နယ်အတွက် လေကြောင်းလမ်းထွက်ပေါက်အဖြစ် ရည်ရွယ်ထားသည့် ကျောက်ထုလေယာဉ်ကွင်းသစ်ကြီးကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်နေ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးအတွင်းရှိ ပြည်နယ်နှင့်တိုင်းအားလုံး မျှတစွာဖွံ့ဖြိုး တိုးတက်လာစေရအောင် ပြည်နယ်နှင့်တိုင်းအသီးသီး၌ ပေါင်းစည်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးအားလုံး လူနေမှုဘဝအဆင့်အတန်း မျှတစွာ တိုးတက်မြင့်မားလာစေရအောင် စနစ်တကျ စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အထူးသဖြင့် ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ပြီး တစ်ဒေသနှင့်တစ်ဒေသ ကူးလူးဆက်ဆံမှု တိုးပွားဖြစ်ထွန်းလာစေရအောင်၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားစေရအောင်၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက်မြင့်မားစေရအောင်၊ စီးပွားရေး ခိုင်မာတောင့်တင်းစေရအောင် လမ်းမကြီးများ၊ တံတားကြီးများ၊ လေယာဉ်ကွင်းကြီးများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် စာသင်ကျောင်းများ၊ ဆေးရုံကြီးများ၊ ဆေးပေးခန်းများ၊ ဆည်မြောင်းတာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းများကို ဦးစားပေးအလေးထားပြီး တစ်နိုင်ငံလုံး၌ ဖြန့်ကြက် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။



ပခုက္ကူမြို့ရှိ ပခုက္ကူတက္ကသိုလ် ပင်မဆောင် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောက်လုပ်မှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

သဘောထားခံယူချက်

ပြည်နယ်၊ တိုင်းဒေသများအားလုံးနှင့် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီး၌ ဖြန့်ကြက်မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများ အားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ပါမှ တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ တိုးပွားခိုင်မြဲမည် ဆိုသည့် သဘောထားခံယူချက်ဖြင့် နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးရေး အစီအမံများကို အလေးထား စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဤသဘောထား ခံယူချက်ကို ပြည်သူများအားလုံးက သိမြင်သဘောပေါက် ခံယူပြီး နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးမူဝါဒလမ်းစဉ်များနှင့်အညီ တစ်စိတ်တည်းတစ်ဝမ်းတည်း ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်ရင်းပြည်သူများ၏ တာဝန်ဝတ္တရားများဖြစ်သည့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက် ကျင့်ကြံဆောင်ရွက်ဖွယ်ရာများကို တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက် သွားကြဖို့လိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ရက်ဂ ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့်မြို့နယ် ဒေသပြ မြေပုံဖြ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေ လုပ်ငန်းများအတွက် ကြည့်ရှု၍ ပံ့ပိုးဖြည့်ဆည်းပေးစဉ်။ (သတင်းစဉ်)

တက်ညီလက်ညီဆောင်ရွက်

ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အဆင့် အသီးသီးရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးကလည်း ဤသဘောတရားကို နားလည်သဘောပေါက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏စီးပွားရေးတိုးတက်ဖြစ်ထွန်းရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံတော် အစိုးရက စီမံချမှတ်ထားသော မ များ၊ စီမံကိန်းများအောင်မြ အကောင်အထည်ဖော် ဖြစ်ထွန် စေရေးအတွက် မိမိတို့ဌာနဆို အချင်းချင်း စုပေါင်းခေါင်းဆော စုပေါင်းတာဝန်ခံမှု၊ စုပေါင်းဆေ ရွက်မှုတို့ဖြင့် တက်ညီလက ပေါင်းစည်းဆောင်ရွက်ကြရန်၊ တွင်းရှိ စေတနာ့ဝန်ထမ်း လူမှ အဖွဲ့အစည်းများနှင့် ပြည်သူ ကိုယ်တိုင်၏ ပူးပေါင်းပါဝင်မှုစွမ်း ကို စည်းရုံးရယူ ဆောင်ရွက်သွာ ရန် မှာကြားပြီး အခမ်းအန ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အခမ်းအနားသို့ တက်ရောက်လ သူများအား ရင်းရင်းနှီးနှီးနှုတ်ဆ သည်။

နည်းပညာကောလိပ်

ယင်းမှတစ်ဆင့် နိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှ အဖွဲ့ဝင်များသည် ပခုက္ကူမြို့ အ နည်းပညာကောလိပ်သို့ ရော ကြရာ ကျောင်းအုပ်ကြီး ဦးအော နှင့် ကထိက၊ လက်ထောက်က များ၊ နည်းပြများ၊ သရုပ်ပြမျ ကျောင်းသား ကျောင်းသူမျ ကြိုဆိုကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပခုက္ကူချည်မျှင်နှင့်အထည်
စက်ရုံကြီး မကြာမီဖွင့်လှစ်မည်

ပခုက္ကူဒေသသည် ဝါစိုက်ပျိုး ထွက်ရှိသည့် ဒေသဖြစ်သည့်အတွက် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးကို တည်ဆောက်ပေး လျက်ရှိရာ စက်ယန္တရားများ စတင်တပ်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီး မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မည်။

ပခုက္ကူမြို့၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ် လုပ်ငန်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၉ မှ

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အစိုးရနည်းပညာကောလိပ်ကျောင်းဆောင် တိုးချဲ့ရေးနှင့် မြေနေရာရွေးချယ်ထားမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ လေယာဉ်ပြေးလမ်းသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူမြို့ လေဆိပ်ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ လေယာဉ်ပြေးလမ်း တည်ဆောက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ ရက်ကန်းစက်များ တပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာကြသည်။

လက်ခံ

ဩဂုတ် ၄ ရက် နံနက်ပိုင်းက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံမြို့ ဧည့်ရိပ်သာခန်းမ၌ အလှူရှင်များ လှူဒါန်းသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် နှစ်ဆူကို လက်ခံသည်။

အလှူရှင် ပုဂံမြို့ မင်းထီးယဉ်ရပ်ကွက် ပုန်းညက်လမ်း အမှတ် (၇၈/၇၉)နေ မိဘများဖြစ်သော ဦးမောင်လု၊ ဒေါ်ချောချောတို့အား အမှူးထား၍ ဦးအောင်သန်းမြင့် (ကွယ်လွန်)နှင့်ဇနီး ဒေါ်သိန်းသိန်း မိသားစုက အေဒီ(၁၁) ရာစုပုဂံခေတ်ဦးပိုင်းလက်ရာ မကိုဋ်၊ လည်ဆွဲ၊ နားကင်း အဆင်တန်ဆာပါရှိသည့် လက်ယာအဘယမုဒြာဟန် လက်ဝဲစီဝရဟတ္ထ သင်္ကန်းစ ကိုင်ဟန် ပဒ္မလောဟာ ဆင်းတုတော် တစ်ဆူနှင့် ကုန်းဘောင်ခေတ်လက်ရာပုဂံခေတ်ဟန် ထုလုပ်ထားသည့် ပဥ္စဝဂ္ဂီ ငါးဦးအား တရားဦးဟောဟန် ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူတို့ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

ယင်းရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူမှာ သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများဖြစ်သဖြင့် မသမာသူများလက်မှတစ်ဆင့် အခြားသောနိုင်ငံများသို့ ရောက်ရှိမသွားစေရေးအတွက် အလှူရှင်များအနေဖြင့် နိုင်ငံတော်သို့ လှူဒါန်းခြင်းဖြစ်သည်။

(သတင်းစဉ်)

ကုန်းဘောင်ခေတ်လက်ရာ ပုဂံခေတ်ဟန် ထုလုပ်ထားသည့် ပဥ္စဝဂ္ဂီ ငါးဦးအား တရားဦးဟောဟန် ရှေးဟောင်း ကြေးဗုဒ္ဓဆင်းတုတော်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အေဒီ(၁၁)ရာစု ပုဂံခေတ်ဦးပိုင်းလက်ရာ မကိုဋ်၊ လည်ဆွဲ၊ နားကင်း အဆင်တန်ဆာ ပါရှိသည့် လက်ယာ အဘယမုဒြာဟန် လက်ဝဲစီဝရဟတ္ထ သင်္ကန်းစ ကိုင်ဟန် ရှေးဟောင်း ပဒ္မလောဟာ ဆင်းတုတော်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အလှူရှင် ပုဂံမြို့ မင်းထီးယဉ်ရပ်ကွက် ပုန်းညက်လမ်း အမှတ်(၇၈/၇၉)နေ မိဘများဖြစ်သော ဦးမောင်လု၊ ဒေါ်ချောချောတို့အား အမှူးထား၍ ဦးအောင်သန်းမြင့်(ကွယ်လွန်)နှင့် ဇနီး ဒေါ်သိန်းသိန်း မိသားစုက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် နှစ်ဆူကို ပေးအပ်လှူဒါန်းရာ လက်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ အလှူရှင် ပုဂံမြို့ မင်းထီးယဉ်ရပ်ကွက် ပုန်းညက်လမ်း အမှတ် (၇၈/၇၉)နေ မိဘများဖြစ်သော ဦးမောင်လု၊ ဒေါ်ချောချောတို့အား အမှူးထား၍ ဦးအောင်သန်းမြင့် (ကွယ်လွန်)နှင့် ဇနီးဒေါ်သိန်းသိန်းမိသားစုက လှူဒါန်းသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် နှစ်ဆူကို ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ဘုန်းတော်ကြီးသင် ကျောင်းများအတွက် ကျောင်းသုံးပစ္စည်းများလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၆

သာသနာရေး ဝန်ကြီးဌာနသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူကလေးသူငယ်များ၏ အနာဂတ် ပညာရေး ဖြောင့်ဖြူးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် လိုအပ်သော ဗလာစာအုပ်များ၊ ပြဋ္ဌာန်းစာအုပ်များ၊ ခဲတံ၊ ဘောလ်ပင်နှင့် ကျောင်းသုံးပစ္စည်းများကို ပညာပါရမီ ကုသိုလ်အဖြစ် ဦးခိုင်အောင် ဖုန်း–၆၆၅၃၅၂၊ ဦးမိုးဇော်ရွှေ ဖုန်း–၆၆၅၃၇၂၊ ဗိုလ်မှူးမြင့်ဦး ဖုန်း–၆၆၅၆၂၁၊ ဒေါ်အောင်ကြည် ဖုန်း–၆၆၅၃၆၀တို့ထံတွင် ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (က–ပ)

ဂျပန် မဟာစည်တရားပွဲ

ရန်ကုန် ဩဂုတ် ၆

ဂျပန်နိုင်ငံ တိုကျိုမြို့ ဂေါတမိဝိဟာရ၌ ဩဂုတ် ၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တ ကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်က သတိပဋ္ဌာန်ဝိပဿနာ တရားတော်များ ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်းသိရသည်။ (က–ပ)

ဩဂုတ် ၁ရက်က တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် နန္ဒဝန်ဈေး A-ရုံ အမှတ် (၁/၂)မှ ဦးမျိုးတင့်–ဒေါ်လေးမြင့်မြင့် "ကိုမျိုး" လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးမိသားစုက တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ်(၃)ပိုင်း ဒေးဒရဲ ကျောင်းဝင်းအတွင်း ပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့်ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ဆရာတော်နှင့် အကျိုးတော်ဆောင်အဖွဲ့က လက်ခံယူစဉ်။ (က–ပ)

စာရင်းစစ်ချုပ်ရုံး မိသားစု စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၆

စာရင်းစစ်ချုပ်ရုံး စေတနာရှင် သွေးလှူရှင်များ ဦးဆောင်အဖွဲ့က ကြီးမှူး၍ အဋ္ဌမအကြိမ် စုပေါင်း သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပရာ သွေးလှူရှင် ၈၀ဦးတို့ လာရောက်သွေးလှူဒါန်းကြသည်။ စုပေါင်းသွေးလှူဒါန်းရာတွင် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊အမျိုးသားသွေးဌာနတာဝန်ခံ ဒေါက်တာသီတာအောင်နှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွေးလှူရှင်များကို အားပေးစကား ပြောကြားသည်။ (သတင်းစဉ်)

မြန်မာ–ကနေဒါ(AIA) ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

မြန်မာ–ကနေဒါ(AIA) ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ကျင်းပရေးနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အစည်းအဝေးခန်း(၁)၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ပြိုင်ပွဲနှင့်ပတ်သက်၍ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ (AIA) ဌာနေကိုယ်စားလှယ် ဦးအောင်သက်ညွန့်နှင့် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဇော်တို့က ပြိုင်ပွဲနှင့်ပတ်သက်၍လည်းကောင်း၊ ဌာနဆိုင်ရာကိုယ်စားလှယ်များက မိမိတို့ဌာနဆိုင်ရာ လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြပြီး အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန် ကနေဒါ(AIA) အမျိုးသား ဘော်လီဘောအသင်းသည် ဩဂုတ် ၁၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်သည်။

မြန်မာ–ကနေဒါ (AIA) ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ၏ ပထမပွဲစဉ်ကို ဩဂုတ် ၁၄ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်(လူကြီး)အသင်းနှင့် ကနေဒါ(AIA) အမျိုးသား ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဩဂုတ် ၁၆ရက် ညနေ ၃နာရီတွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်(လူငယ်) အသင်းနှင့် ကနေဒါ(AIA)အမျိုးသားဘော်လီဘောအသင်းတို့ ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

တောင်ကြီးအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဩဂုတ် ၆

တောင်ကြီးအသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်တွင် ကျင်းပ မည်ဖြစ်ရာ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ၊ အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင်များ၏ မိဘဘိုးဘွားများ ဩဂုတ် ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် အသင်းသားမိသားစုများအားလုံး တက်ရောက်ကြရန်နှင့် ဖုန်း– ၆၆၂၇၃၂၊ ၆၆၂၇၅၀၊ ၇၂၂၁၈၆နှင့် ၇၂၈၇၀၂တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဩဂုတ်၅ရက်က ဘိုကလေးမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဖျာပုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက် ဘိုကလေးမြို့နယ် ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၆

ဧရာဝတီတိုင်း ဖျာပုံမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါ၍ ဩဂုတ် ၅ ရက် နံနက် ၈ နာရီတွင်ကျင်းပသည့် ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်း၊ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနား အစီအစဉ်များကို အဆိုပါကျောင်းဆောင်သစ်ရှိ မြထွင့်တင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ နှစ်ထပ်တိုးချဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်သိန်းက ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နှစ်ထပ်တိုးချဲ့ ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးက အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဦးညွန့်ကြည်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် မာလ်တီမီဒီယာ သင်ထောက်ကူစာသင်ခန်းများအတွက် ကွန်ပျူတာတစ်လုံးနှင့် ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် မာလ်တီမီဒီယာ သင်ထောက်ကူ စာသင်ခန်းများအတွက် ရုပ်မြင်သံကြားစက်တစ်လုံးနှင့် ကျောင်းသုံးစာအုပ်နှင့် ခဲတံများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံခရိုင်ကိုယ်စားပြု ကျိုက်လတ်မြို့နယ် ဘင်ခရာအသင်းအား ဂုဏ်ပြုငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားသည်။

အဆိုပါ တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၁၀၊ အနံပေ ၃၀ရှိပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သိန်း၂၂၀ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဘိုကလေးမြို့ မြို့မ ဆွမ်းလောင်းအသင်းကြီးက မြို့နယ်ဓမ္မာရုံသာသနာ့ဗိမာန်၌ ကျင်းပသည့် ဘိုကလေးမြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျောင်းတိုက်ပေါင်း ၅၃ကျောင်းသို့ ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဒါယကာဒါယိကာမများက ဘိုကလေးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဓေယျမေဒနီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆရာတော်၊ သံဃာတော်များနှင့် ကျောင်းတိုက်ပေါင်း ၅၃ကျောင်းသို့ ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မြစိမ်းရောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသံဝရက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားချီးမြှင့်ဟောကြားတော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များက ရေစက်သွန်းချ အမျှပေးဝေကြ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းက မြို့နယ်ဆိုင်ရာအချက်အလက်များ၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊စိုက်ပျိုးမွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဘိုကလေးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းက လက်ခံသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ် ဒါဇင်၅၀နှင့် ခဲတံဒါဇင် ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးမြင့်က လက်ခံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘိုကလေး၊ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်နှင့်ဒေးဒရဲ တုန်းမြို့နယ်များရှိ လမ်းဘေးဝဲ/ယာတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်

ဩဂုတ် ၅ ရက်က ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ နိုင်ငံပိုင်ရေယာဉ်နှင့် ပုဂ္ဂလိကပိုင် ရေယာဉ်များ ပြည်တွင်း မြစ်ကြောင်းများအတွင်း ခုတ်မောင်းသွားလာရာတွင် မြစ်ကူးတံတားကြီးများအား မတော်တဆ ဝင်ရောက်ထိခိုက်မိသဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ဆုံးရှုံးမှု မရှိစေရေး၊ တံတားများ ခိုင်ခံ့မှု လျော့နည်းခြင်း မဖြစ်စေရေးတို့ကို ကြိုတင် ကာကွယ်ဆောင်ရွက်နိုင်ရန် အတွက် ရေယာဉ်မတော်တဆ ဖြစ်စဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ပို့ဆောင်ရေး)

ရေယာဉ် မတော်တဆဖြစ်စဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ မြစ်ကူးတံတားကြီးများ၌ ရေယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး ဆွေးနွေး

ရန်ကုန် ဩဂုတ် ၆

နိုင်ငံပိုင်ရေယာဉ်နှင့် ပုဂ္ဂလိကပိုင်ရေယာဉ်များ ပြည်တွင်းမြစ်ကြောင်းများအတွင်း ခုတ်မောင်းသွားလာရာတွင် မြစ်ကူးတံတားများအား မတော်တဆ ဝင်ရောက်ထိခိုက်သဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေး၊ တံတားများခိုင်ခံ့မှု လျော့နည်းခြင်းမဖြစ်စေရေးတို့ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရန်အတွက် ရေယာဉ်မတော်တဆဖြစ်စဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြန်မာ့သစ်လုပ်ငန်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက မြစ်ကူးတံတားကြီးများ၏ တစ်စင်းချင်း ရေလမ်းကြောင်းများ ပြောင်းလဲမှုအခြေအနေ၊ ရေလမ်းကြောင်း အခြေအနေကို စဉ်ဆက်မပြတ် တိုင်းတာတင်ပြလျက်ရှိမှုအခြေအနေ၊ ရေယာဉ်များဖြတ်သန်းခုတ်မောင်းသွားလာမှု အခြေအနေ၊ မြစ်ကူးတံတားကြီးများအနီး ကမ်းပြိုမှု ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြန်မာ့မီးရထားမှ တာဝန်ယူ တည်ဆောက်ထားသော တံတားကြီးများ အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မြစ်ကြောင်းများအတွင်း သစ်ဖောင်များမျှောချရာတွင် လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များ၊ တံတားကြီးများအား မဖြတ်သန်းမီ စစ်ဆေးသည့်နေရာများ ထားရှိစစ်ဆေးသွားမည့် အခြေအနေ၊ နည်းဥပဒေများ စသည်တို့ကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက မြစ်ကူးတံတားကြီးများ၏ ခံနိုင်ရည်စွမ်းအား ရေရှည်ကြံ့ခိုင်ရေးအတွက် ပုံမှန်စစ်ဆေးသည့်လုပ်ငန်းများ၊ ရေယာဉ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ ထို့နောက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်ခင်၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် အစည်းအဝေးတက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက မြစ်ကူးတံတားကြီးများ၌ ရေယာဉ်များ ဖြတ်သန်းရာတွင် အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေး၊ စစ်ဆေးရေးစခန်းများထားရှိပြီး လိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနများက ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ကွယ်လွန်သူ ဖိလစ်ပိုင် အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဟောင်း မစ္စတာအာတူရို အမ်တိုလန်တီနိုး အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးစဉ်။(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ကွယ်လွန်သူ ဖိလစ်ပိုင် အထက်လွှတ်တော်ဥက္ကဋ္ဌဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်းအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းသည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် အမှတ်(၅၀) ဆရာစံလမ်း ဗဟန်းမြို့နယ်ရှိ ဖိလစ်ပိုင်သံရုံးသို့သွားရောက်၍ ကွယ်လွန်သူ ဖိလစ်ပိုင် အထက်လွှတ်တော်ဥက္ကဋ္ဌဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာအာတူရိုအမ်တိုလန်တီနိုးအတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် ကျင်းပရေးလုပ်ငန်းကော်မတီ ဆန်စပါးနှစ်အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ကျင်းပရေးလုပ်ငန်းကော်မတီက ဆန်စပါးနှစ်အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲစည်းကမ်းများကို ယနေ့ထုတ်ပြန်လိုက်သည်။

ပြိုင်ပွဲ၏ခေါင်းစဉ်မှာ “ဘဝအတွက် ဆန်သည်အသက်” (Rice is Life) ဖြစ်ပြီး ပြိုင်ပွဲကို အသက်အလိုက် အဆင့်ငါးဆင့် ခွဲခြားထားသည်။ အဆင့်(၁)တွင် ခြောက်နှစ်မှ ကိုးနှစ်အောက် (ပြိုင်ပွဲကျင်းပသည့်နေ့တွင် ကိုးနှစ်မပြည့်သေးသူ)၊ အဆင့်(၂)တွင် ကိုးနှစ်မှ ၁၂နှစ်အောက်၊ အဆင့်(၃)တွင် ၁၃နှစ်မှ ၁၆နှစ်အောက်၊ အဆင့်(၄)တွင် ၁၆နှစ်မှ ၂၀နှစ်အောက်၊ အဆင့်(၅)တွင် ၂၀နှစ်နှင့်အထက်အလွတ်တန်းဟူ၍ ခွဲခြားထားသည်။

အဆင့်(၁)မှ (၄)အထိ ပြည်နယ်နှင့်တိုင်းအလိုက် ဩဂုတ် ၂၃ရက်တွင် သတ်မှတ်စုရပ်တစ်နေရာ၌ လက်တွေ့ယှဉ်ပြိုင်ရေးဆွဲကြရမည်ဖြစ်ပြီး အဆင့်(၅) အလွတ်တန်းပြိုင်ပွဲအတွက် မိမိအိမ်တွင် စိတ်ကြိုက် ရေးဆွဲကာ ဩဂုတ် ၂၄ရက်အရောက် ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် လျှောက်လွှာပုံစံများနှင့် ပြိုင်ပွဲဆိုင်ရာ အကြောင်းအရာအချက်အလက်များကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးများမှရယူပြီး ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်သူများအတွက် ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ရုံးခန်း၌ ရယူကာ ဩဂုတ် ၁၇ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာ တင်သွင်းကြရမည်ဖြစ်သည်။

ပိုစတာကို နှစ်သက်ရာရေးဆွဲနည်းစနစ်ဖြင့် ရေးဆွဲနိုင်ပြီး အဆင့်(၁)မှ အဆင့်(၄)အထိ ပြိုင်ပွဲကြီးကြပ်အဖွဲ့က ထုတ်ပေးသော(၁၅လက်မ X ၂၀လက်မ) အရွယ်သတ်မှတ်စက္ကူဖြင့်သာလက်တွေ့လေးနာရီ ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး အဆင့်(၅) အလွတ်တန်းမှာ(၂၀လက်မX ၃၀လက်မ) အရွယ် ကြိုက်နှစ်သက်ရာစက္ကူပေါ်တွင်ရေးဆွဲ၍ယှဉ်ပြိုင်ကြရမည်။

ပြိုင်ပွဲဆုရသူများကို သတင်းစာတွင် ကြေညာမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဦးကြည်ဝင်း ဖုန်း-၅၅၈၃၂၀၊ ၂၄၀၉၆၆၊ လိုင်းခွဲ (၇၀၆)နှင့်(၇၀၇) မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

ဆေးရုံသုံးပစ္စည်း အားပြုကိရိယာများလှူဒါန်း

ရန်ကုန် ဩဂုတ် ၆

တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ သန်မြန်သူလုပ်ငန်းစုကော်မတီ၊ ရန်ကုန်နှင့် ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းက ဆေးရုံသုံးပစ္စည်း အားပြုကိရိယာ (ဂျိုင်းထောက်)များလှူဒါန်းပွဲနှင့် တပ်မတော် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ(ခုတင်-၃၀၀) စက်ရေတွင်းအတွက် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဆေးရုံကြီးရှိ အုပ်ချုပ်မှုအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် လှူဒါန်းသည့် ပစ္စည်းများကို ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းကပေးအပ်ရာ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းနှင့် တပ်မတော် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ (ခုတင်-၃၀၀)မှ ဗိုလ်မှူးသိန်းဝင်းတို့က လက်ခံယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

✧ **စက်မှုလုပ်ငန်းမှ**

မိမိတို့ကုမ္ပဏီ၏စက်ရုံတွင် Foundry Shop နှင့် Machine Shop ဟူ၍ အလုပ်ရုံနှစ်ရုံ ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခေတ်မီ သံရည်ကျိုနည်းစနစ်ဖြင့် လိုအပ်သော စက်ပစ္စည်းများကို ပုံလောင်းပေးသွားမည်ဖြစ်ပြီး စက်ပစ္စည်းများကို အရည်အသွေးမီ တိကျသေချာစေရန်နှင့် မြန်ဆန်စေရန် Computerized Numerical Control (CNC) စနစ်အသုံးပြု၍ ထုတ်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ CNC စနစ်မှ ပိုမိုခေတ်မီသော Direct Numerical Control (DNC) စနစ်ကို အသုံးပြုနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဒေါက်တာ ဖေခင်က ခေတ်မီ Machine များ အသုံးပြု၍ Cover Gear Shift ၊ Tool and Cutter၊ Oil Pump၊ Water Pump Housing၊ Leaf Spring Bracket စသည့် တီအီး မော်တော်ယာဉ်သုံး စက်ပစ္စည်းအမျိုးမျိုး နမူနာထုတ်လုပ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် CNC Machine ဖြင့် "မို"တစ်ခု ခုတ်စားနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် မော်တော်ယာဉ်သုံးပစ္စည်းများ ထုတ်လုပ်နေမှုများကို လည်းကောင်း၊ "မို"ပြုလုပ်မည့် သဲသန့်စင်ကိရိယာ Dust Collector ထုတ်လုပ်ထားမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အားပေးစကားပြောကြား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် Foundry Shop တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သံထည်ပစ္စည်းကိုင်တွယ်မှု အဆင့်အတန်း မြင့်လာသည်နှင့်အမျှ စက်ကိရိယာပစ္စည်းများကို လိုအပ်သလို ထုတ်လုပ်လာနိုင်ခြင်း၊ ခေတ်မီ ကွန်ပျူတာသုံး စက်ကိရိယာများဖြင့် အရည်အသွေးမီစက်ပစ္စည်းများကို တိကျစွာ ခုတ်စားနိုင်ခြင်းတို့ကို လေ့လာတွေ့ရှိရ၍ ပုဂ္ဂလိကစက်မှုလုပ်ငန်း၏ အနာဂတ်တိုးတက်မှု အလားအလာကို ခန့်မှန်းနိုင်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ တီထွင်ကြံဆနိုင်မှု၊ ကျွမ်းကျင်တတ်သိမှုတို့ကို နိုင်ငံတော်က တန်ဖိုးထားပါကြောင်းဖြင့် အားပေးစကား ပြောကြားသည်။

တင်ပို့ရောင်းချရန်စီစဉ်

Fair Sun Co., Ltd ပိုင်စက်ရုံက ခေတ်မီ သံရည်ကျိုစက်နှင့် ပုံလောင်း၊ ပုံထောင်းနှင့် ခုတ်စား စက်ကိရိယာများ အသုံးပြု၍ တီအီး ကုန်တင်မော်တော်ယာဉ်သုံး စက်အပိုပစ္စည်း ၁၂မျိုး ထုတ်လုပ်လျက်ရှိပြီး နောင်တွင် Casting Parts၊ Machining Parts နှင့် အခြားမော်တော်ယာဉ် အပိုပစ္စည်းများကို ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချနိုင်ရန် စီစဉ်လျက်ရှိသည်။

(သတင်းစဉ်)

မင်္ဂလာဒုံတပ်နယ်မှူး တံခွန်စိုက်ဒိုင်းလက်ရွေ့ပြိုင်

ရန်ကုန် ဩဂုတ် ၆

၂၀၀၄ခုနှစ် မင်္ဂလာဒုံတပ်နယ်မှူး တံခွန်စိုက်ဒိုင်း လက်ရွေ့ပြိုင်ပွဲကို ယမန်နေ့တွင် မင်္ဂလာဒုံတပ်နယ် အောင်ဆန်းခန်းမ၌ ကျင်းပရာ တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းသိန်းနှင့် တပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ စစ်သည်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ အားပေးကြည့်ရှုကြသည်။

ပြိုင်ပွဲများအပြီးတွင် တက်ရောက်သူများက ဆုများချီးမြှင့်ပြီး အကောင်းဆုံး လက်ရွေ့သမားဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ် လက်ရွေ့ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းနောင်က လည်းကောင်း၊ တပ်နယ်မှူး တံခွန်စိုက်ဒိုင်းရရှိသော အသင်းကို မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းသိန်းက လည်းကောင်း ဆုများ ချီးမြှင့်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ တိုက်ကြီးမြို့နယ် တောင်လှိုင် ရိုးမကြိုးဝိုင်းအတွင်း ကျင်းပသော ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးစဉ်။ (သစ်တောရေးရာ)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၆

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး-ပဲခူးလမ်းဘေးရှိ တောင်လှိုင်ရိုးမကြိုးဝိုင်း အကွက်အမှတ်(၂၁) ကျွန်းအထူးစိုက်ခင်းအနီး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ တက်ရောက်၍ သစ်ပင်များစိုက်ပျိုးပေးသည်။

တက်ရောက်

အခမ်းအနားသို့ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်သူ၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ တိုက်ကြီးတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဝေနှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်သားများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

စိုက်ပျိုးပေး

ယင်းနောက် အခမ်းအနားကို တက်ရောက်လာကြသည့် ဗိုလ်မှူးချုပ်ကျော်သူနှင့် တာဝန်ရှိသူများက ကျွန်းပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အဖွဲ့သည် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်များ စိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး-ပဲခူးလမ်းမကြီးဘေး တောင်လှိုင်ရိုးမကြိုးဝိုင်း အကွက်အမှတ်(၂၁) ကျွန်းအထူးစိုက်ခင်းအနီး၌ ကျွန်းပင် ၅၄၂၀ ကို ယနေ့နံနက်ပိုင်းတွင် စနစ်တကျ စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် ကျွန်းအထူးစိုက်ခင်းဧက ၅၀၀ ၌ ကျွန်းပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က တာဝန်ရှိသူများအား စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်ကြီးထွားစေရေး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

အာဆီယံဈေးရောင်းပွဲတော်
ASEAN FOOD FESTIVAL
7 Aug; 2004 Kandawgyi Palace
10:00AM - 2:00PM Hotel (Lake View)

ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်
World Breastfeeding Week
(၁-၈-၂၀၀၄ မှ ၇-၈-၂၀၀၄)
လုံခြုံပြည့်ဝ စိတ်ချရေး
မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး
Exclusive Breastfeeding: the Gold Standard
Safe, Sound, Sustainable
ကျန်းမာရေးဝန်ကြီးဌာန

ဒေးဒရဲမြို့နယ် သဲသောင်ပြင် ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၆

ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား တိုးမြစ်ဝဒေသ(၆) အုပ်စုပင်လယ်ကမ်းခြေသဲသောင်ပြင် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁ရက်တွင် တိုးကျေးရွာ၌ ကျင်းပရာ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုခြောက်အုပ်စုမှ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဘောလုံးအားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို နယ်မြေလူထု ကျန်းမာပျော်ရွှင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် ဆူးကလပ်အသင်းနှင့် တမာတကောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ မြို့နယ်နှင့် အလှမ်းကွာဝေးသည့် ယင်းဒေသတွင် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို ယခင်က မကျင်းပဖူးသေးသဖြင့် ယခုပြိုင်ပွဲကို ဒေသခံကျေးရွာပြည်သူများ အထူးစိတ်ဝင်စားစွာ ပါဝင်ယှဉ်ပြိုင် ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ကျိုက်ထီးရိုးတောင်တန်းသာသနာပြုဝါဆိုမိသားစုအဖွဲ့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၆

သာကေတမြို့နယ်မှ ဦးတင်လှိုင်၊ ဦးတင်စိန် ဦးစီးသော ကျိုက်ထီးရိုး တောင်တန်းသာသနာပြု ဝါဆိုမိသားစုအဖွဲ့ (သာကေတမြို့နယ်)၏ (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၀ရက် နံနက် ၈နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျိုက်ထိုမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ စေတီတော်ဩဝါဒါစရိယ ဆရာတော်များ၊ ကျိုက်ထီးရိုးရင်ပြင်တော်ကျောင်း နာယက ဆရာတော် ဦးနန္ဒိယ၊ ကျောင်းထိုင်ဆရာတော် ဦးရေဝတနှင့် ကျိုက်ထီးရိုးတောင်တန်း တစ်ဝိုက်ရှိ ကျောင်းပေါင်း ၅၇ကျောင်းတို့မှ ဆရာတော် သံဃာတော် ၂၃၃ ပါး ကြွရောက်တော်မူကြပြီး ကျိုက်ထီးရိုးစေတီတော်ဂေါပက အဖွဲ့ဝင် ဦးသိန်းထွန်းနှင့် အနယ်နယ်အရပ်ရပ်မှ ဝါဆိုမိသားစုဝင် ၁၂၀၀ကျော် တက်ရောက်ကြသည်။

ဝါဆိုမိသားစု အဖွဲ့ဝင်များသည် ကျိုက်ထီးရိုးတောင်တန်း တစ်ဝိုက်နှင့် ကျိုက်ထိုမြို့ပေါ်မှ ကျောင်းပေါင်း ၅၇ကျောင်းသို့ စုပေါင်းလှူဒါန်းသည့် လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေပေါင်းမှာ သင်္ကန်း ၁၂၂၅စုံနှင့် ငွေသား ၅၂သိန်းကျော် အပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၁၁၀ကျော်ဖိုး ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့်
The Association for Overseas Technical Scholarship (AOTS) တို့ ပူးပေါင်းကျင်းပသော
The Program on Basic IT for IT Engineers (2W)
[MMFE 2W1-Yangon] သင်တန်း
လာမည့် ဩဂုတ် ၃၀၊ ၂၀၀၄ မှ စက်တင်ဘာ ၁၀၊ ၂၀၀၄ အထိဖွင့်လှစ်ပါမည်။
သင်တန်းတက်ရောက်လိုသူများ ဩဂုတ်လ ၉ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သင်တန်းဝင်ခွင့် လိုအပ်ချက်
* ဂျပန် အိုင်တီအင်ဂျင်နီယာစာမေးပွဲ ဒုတိယပိုင်းမေးခွန်းလွှာအတွက် ရည်ရွယ်ဖွင့်လှစ်သောသင်တန်းဖြစ်ပါသည်။
* တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ သို့မဟုတ် ၎င်းအဆင့်နှင့်ညီမျှသော အရည်အချင်းရှိသူဖြစ်ရပါမည်။
* အိုင်တီဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂နှစ်ရှိပြီး အသက် ၂၀မှ ၄၅နှစ်အတွင်း ဖြစ်ရပါမည်။
* သင်တန်းသား ၃၀ ဦးသာ လက်ခံပါမည်။

သင်တန်းကာလနှင့် သင်တန်းအချိန်
* ဩဂုတ် ၃၀၊ ၂၀၀၄ မှ စက်တင်ဘာ ၁၀၊ ၂၀၀၄ အထိ(ရက်သတ္တနှစ်ပတ်)
* တနင်္လာမှ သောကြာ နေ့စဉ် နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီ

e-Learning Center
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်
အဆောင်(၁)၊ အခန်း(၁)
MICT Park, လှိုင်တက္ကသိုလ်နယ်မြေ။ ရန်ကုန်
ဖုန်း-၆၅၂၃၀၇၊ ၇၀၇၅၀၃။

အမည်ပြောင်းခြင်း
အဘ ဦးတင်မောင်လတ်၏သား အထက(၃)တာမွေ အဌမတန်း (A) တွင် ပညာသင်ကြားနေသော မောင်ကျော်နိုင်ဦးအား မောင်ဟိန်းထက်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဟိန်းထက်သူ။

အမည်ပြောင်း
ဗိုလ်ကြီးသိန်းဌေးမောင်၏သမီး အထက၊တောင်ကုတ်ဆဌမတန်း(B) မှ မရတနာခန့်မြတ်အား နှင်းဧကရီဟုလည်းကောင်း၊ အမက၊သိမ်တောင် တတိယတန်းမှ မသက်နှင်းရတီအား စုလှဲ့နဒီဟု ပြောင်းလဲခေါ်ပါရန်။

သံပန်း၊ သံတံခါးနှင့် လုံးချင်းတိုက်များတွင် သစ်သားအမိုးဒိုင်းအစား၊ သံထည်အမိုးဒိုင်းဖြင့် ပြုလုပ်လိုပါက ဆက်သွယ်ပါ။
☎ 590970 (အလုပ်ရုံ)
☎ 514161 (ရုံးချိန်)

လက်ထပ်ပြီးစီးခြင်း
ရန်ကုန်မြို့နေ ဦးကျော်ဝင်း(အောင်အထွေထွေရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်နုနုမြင့်တို့၏ သားကြီး
မောင်သန့်ကျော်ဝင်း
နှင့်
ရန်ကုန်မြို့နေ ဦးကျော်မင်းသိန်း(အင်ဂျင်နီယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ရှမ်းပြည်နယ်မြောက်ပိုင်း)-ဒေါက်တာဒေါ်ခင်စန်းနွဲ့တို့၏ တစ်ဦးတည်းသောသမီး
မစန္ဒာမင်း
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၇-၇-၂၀၀၄နေ့တွင် မင်္ဂလာဦးဆွမ်းကျွေး လက်ထပ်ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ကျော်ဝင်း-မစန္ဒာမင်း။

HELLO *School of English*
အခြေခံ၊ အဆင့်မြင့် 4-lg skills - QUALITY CLASS များ
& အခြေခံ စကားပြော/အဆို ၁၀-ဦး သင်တန်းသစ်များ
[illegible] ph : 298506

ဗောဓိမြိုင်ဓမ္မရသစာစု ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၆

သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးတည်လျက် ရေးသားထားသော ဓမ္မစာစုများ၊ မဟာဗောဓိမြိုင် ဆရာတော်၏ သာသနာပြုလုပ်ငန်းနှင့် ဘဝဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ရေးသားထားသော စာစုများကို စုစည်းလျက် ဗောဓိမြိုင်ဓမ္မရသစာစု(၁)စာအုပ်ကို အမှတ်(၂၉၉/၄) ပျဉ်းမမြိုင်လမ်း (၂၅)ရပ်ကွက် သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ (က-ပ)

ကျေးဇူးဆပ်ပါမည်
သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၁)ရပ်ကွက်၊ နဝရတ်လမ်းဘေး၊တိုက်အမှတ်(၅၀၂-၅၀၃)၊အခန်းအမှတ်(၃၀၄)၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်မှုရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဆက်သွယ်ရန်
ဦးတင့်ဝေ
ဖုံး- ၅၆၆၅၈၁၊ ၅၇၉၈၁၉

မြတ်သဉ္ဇာ
မြစ်တွင်းအပျော်စီးရေယာဉ်
ရေပေါ်စားဥယျာဉ်
❖ ဒီစနေ တနင်္ဂနွေမှာပိုမိုဆန်းသစ်တဲ့ အစီအစဉ်လေးတွေနဲ့ လေညင်းခံရအောင် ပုံမှန်အတိုင်း၊ ညနေ ၆း၀၀ နာရီမှာသင်္ဘော ထွက်ပါမယ်။ ဖုန်း - ၇၀၆၀၁၀၊ ၇၄၇၆၁၃၊ [illegible]

ကန်ထရိုက်တာ ဦးစိုးမြင့်ဦး (စိုးရှိုင်းဆောက်လုပ်ရေး)နှင့်
အများသိစေရန် သတိပေးကြေညာချက်
ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ပန်းလှိုင်လမ်း၊ အမှတ်-၉ နေ ကျွန်ုပ်၏အမှုသည်(မြေရှင်)များဖြစ်ကြသော ဒေါ်ခင်သန်းဝင်း၊ ဒေါ်ခင်မြဝင်း၊ ဒေါ်ခင်ဌေးဝင်း၊ဦးအောင်သန်းဝင်း၊ဦးလှထွန်းဝင်းနှင့် ဒေါ်မြစန္ဒာဝင်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။
ကျွန်ုပ်၏အမှုသည် မြေရှင်များနှင့် ကန်ထရိုက်တာ ဦးစိုးမြင့်ဦးတို့သည် (၁၇-၁၂-၂၀၀၂)ရက်စွဲပါ မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ အဆောက်အအုံသစ်ဆောက်လုပ်ရန် သဘောတူကတိစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့သော်လည်း စာချုပ် ချုပ်ဆိုသည့်နေ့မှ ယနေ့အချိန်အထိ (၁)နှစ်နှင့်(၆)လကျော်ကြာ ကန်ထရိုက်တာဘက်မှ အဆောက်အအုံသစ်ဆောက်လုပ်ရန် မည်သည့်ဆောင်ရွက်ချက် တစ်စုံတစ်ရာကိုမျှ ဆောင်ရွက်ခြင်းမရှိ၍ (၁၇-၁၂-၂၀၀၂)ရက်စွဲပါ ပဋိညာဉ်စာချုပ်မှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်း တရားဝင်နို့တစ်စာပေးပို့ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်၏အမှုသည် မြေရှင်များ အနေဖြင့် မိမိတို့လက်ရှိနေထိုင်လျက်ရှိသော အဆိုပါမြေ/အိမ်နှင့်အိမ်ခန်းများကို မိမိတို့သဘောဆန္ဒအတိုင်း စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ရာ တိုက်သစ်ဆောက်လုပ်မည်ဟုပြောဆို၍ ကန်ထရိုက်တာထံမှ အခန်းကြိုတင်ဝယ်ယူထားသူများ၏ မည်သည့်ကိစ္စကိုမဆို ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါ။ ကျွန်ုပ်၏အမှုသည် မြေရှင်များ၏ အိမ်တွင် ငှားရမ်းနေထိုင်သူများနှင့် ကန်ထရိုက်တာတို့သည် လက်ရှိအိမ်ဟောင်းမှ အခန်းများအား အရောင်းအဝယ် ပြုလုပ်ခြင်း၊ ပေးကမ်းစွန့်လွှတ် ပေါင်နှံခြင်းများ မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။ မည်သူမဆို ကျွန်ုပ်၏အမှုသည်(မြေရှင်)များ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန်ပြုမူ၊ ပြောဆိုဆောင်ရွက်ခြင်းများ ပြုလုပ်လာပါက တည်ဆဲ တရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန်ထရိုက်တာ ဦးစိုးမြင့်ဦးနှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။
အမှုသည်များ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမြင့်အောင်- LL.B အထက်တန်းရှေ့နေ၊ (စဉ်-၂၂၀၃၈)
ရုံး-အမှတ် ၅၀ (ပ)ထပ်၊ ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့။
ဖုန်း- ၃၇၀၈၃၁၊ ၂၄၄၂၂၈။

ရေပိုက်လိုင်းအသစ်များ လဲလှယ် ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျောက်တံတားမြို့နယ်၏ ဦးဆောင်စည်းရုံးမှုဖြင့် (၃၃)လမ်းအထက်လမ်းတွင် ပင်မရေပိုက်လိုင်းအသစ် အစားထိုးပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

မှာကြား

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့အား နှစ်ပေါင်းတစ်ရာကျော်ရှိ သံကြွပ်ပိုက်များအစား UVPC ပလတ်စတစ်ပိုက် အသစ်များ လဲလှယ် ဆောင်ရွက်နေပုံများကို အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ မြို့တော်ဝန်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ရေပြန်းတီးမှု မရှိစေရေး၊ ပြည်သူများ ရေသုံးစွဲရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန်နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နေခြင်းကို ဆက်လက်စည်းရုံး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ (၁၉)

ဇူလိုင် ၂၈ ရက်က (အလက-၁၁၊ တာမွေ)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ပဉ္စမတန်း(A)မှ ကျောင်းတွင်း ဘက်စုံပထမဆု၊ ကျောင်းတွင်း နှစ်ပတ်လည် ပထမဆု၊ ဘာသာရပ်ထူးချွန်ဆုနှင့် အတန်းတွင်း ပထမဆုရ မမြတ်သဇင်စိုးမိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောမြင့်က ဆုချီးမြှင့်စဉ်။ (က-ပ)

ဝန်ထမ်းအလိုရှိသည်။
(ပြည်တွင်း၌သာခန့်ထားရန်)
Great & Grace Co., Ltd. တွင် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။
၁။ Receptionist (၂) ဦး
၂။ Office Staff မ (၂) ဦး
၃။ Marketing မ (၅) ဦး
* အမှတ်စဉ် (၁) အတွက် အင်္ဂလိပ်စကားပြောကျွမ်းကျင်ရမည်။
* အမှတ်စဉ်တိုင်းအတွက် ဘွဲ့ရရှိပြီး ရုပ်ရည်သန့်ပြန့်ရမည်။
* စိတ်ဝင်စားသူများ ဓာတ်ပုံ (၁) ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထားနှင့်တကွ တစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။
Great & Grace Co., Ltd. အမှတ် (၁၆၀)၊ M.G.M Hotel တတိယထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

KMD ၂၀၀၄ ခုနှစ် ဩဂုတ်လ ကွန်ပျူတာနည်းပညာပြပွဲ
နည်းပညာပစ္စည်းအသစ်အဆန်းများနှင့်အတူ အိုင်တီနည်းပညာပြပွဲ သို့ လာရောက်ကြည့်ရှုပါရန် ဖိတ်ကြားအပ်ပါသည်။
နေ့ရက် ။ ။ ၁၅ ဩဂုတ်လ ၂၀၀၄
အချိန် ။ ။ နေ့လည် (၁၂) နာရီမှ ညနေ (၅) နာရီအထိ၊
နေရာ ။ ။ *Strand Hotel* မင်္ဂလာခန်းမ
Tel: 095-1-381035, 384109, 381776, 204071, 500295, 243595

မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၆

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၈၁)တွင် (၄၉)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲကို ဩဂုတ် ၁၄ရက်မှ ၂၃ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် သာသနာ့သာစည်ကျောင်း (၁၂)ရပ်ကွက် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်မှ မိုးကုတ်ဓမ္မကထိကအရှင်ဝိဓေယျ(ဓမ္မာစရိယ)က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာအရှိဖြစ်ပျက်နှင့် ဉာဏ်အသိမင်္ဂကိုက်ပြီး သစ္စာဆိုက်အောင်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အာလိမ္မာ
GCE ဘာသာရပ်
အဆင့်မြင့်သင်တန်းများ (နှင့်)
IELTS ,SAT (I,II)
နိုင်ငံခြားတက္ကသိုလ်(ပညာသင်ကျောင်း) များမှ ပြဋ္ဌာန်းချက် သင်ရိုးညွှန်းတမ်း မူရင်းစာအုပ်ဖြင့် သတ်မှတ် စံနှုန်းမီရမြှိုက်အောင်မြင်နိုင်အောင် တစ်ဦးချင်းစီ၏အရည်အသွေးကို ဖော်ထုတ်ကာ သင်ကြားလျက်ရှိသည်။
အနာဂတ်ရည်မှန်းချက်ကြီးမားသော တပည့်ငယ်တို့အတွက် နိုင်ငံခြားတက္ကသိုလ် (ပညာသင်ကျောင်း) တို့တွင် ပညာဆက်လက်ဆည်းပူးနိုင်ရန် အာမခံဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ⁂ တန်းခွဲသစ်ဖွင့်
ဆွေးနွေးရန် ◆ ၃၃၃ (ပ-ထပ်) ၊ မဟာဗန္ဓုလလမ်းမ ၊ (၃၃ လမ်းနှင့် လမ်း၃၀ ကြား) ၊ကျောက်တံတားမြို့နယ်။

ဆူးလေစင်တာဖိနပ်ဖက်ရှင်
၂၀၀၄ခုနှစ် မိုးရာသီအထူး Special Discount 5% 10% 15% 20%
1.8.2004 မှ 15.8.2004 ထိ
အမှတ်(204/ 208) အနော်ရထာလမ်းမကြီး၊ ၃၂ လမ်းနှင့်ဆူးလေဘုရားလမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ 252804, 283359 ဆိုင်ခွဲ - ဘောတာဇက်ရှင်

မဟာစည်ရွှေရတုပူဇော်ပွဲ တရားဟောကြားမည်

ညောင်ဦး ဩဂုတ် ၄

ညောင်ဦးမြို့ မဟာစည်သာသနာ့ရိပ်သာ၏ သတိပဋ္ဌာန် ဝိပဿနာတရား စတင်ညွှန်ကြားပြသသည့် နှစ် ၅၀ ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကို ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၂ ရက် (ဩဂုတ် ၁၇ရက်)တွင် ကျင်းပမည်ဖြစ်ရာ အကြိုဓမ္မသဘင်အဖြစ် ဒုတိယဝါဆိုလကွယ်နေ့ (နေ့၊ ည) ဘဒ္ဒန္တနရပတိ (ဖြူးဆရာတော်)၊ ဝါခေါင်လဆန်း ၁ရက်(ည) ဘဒ္ဒန္တကုသလာနန္ဒ (မုဒုံဆရာတော်)၊ ဝါခေါင်လဆန်း ၂ ရက် (ည) တိပိဋကဓရတိပိဋကကောဝိဒဘဒ္ဒန္တသုန္ဒရဆရာတော်များက တရားတော်များ ဟောကြားမည်။ (က-ပ)

ကြေးမုံ
The Mirror

မြို့နယ် သတင်းများ

အမှတ်(၁) စက်မှုဝန်ကြီးဌာန စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ ဝန်ထမ်း မိသားစုများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက်က စစ်တောင်းစက္ကူစက် အားကစားရုံ၌ ကျင်းပရာ စက်ရုံမှူး ဗိုလ်မှူးပိုက်ထွေးနှင့် ဇနီးတို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၃၄၅)

သီရိမင်္ဂလာတောင်တော်စေတီ ဘက်စုံပြုပြင်ရေးအလှူငွေပေးအပ်

လှိုင်ကော် ဇူလိုင် ၂၉

ကယားပြည်နယ်၏ ကျက်သရေဆောင် သီရိမင်္ဂလာတောင်တော်မြတ်စေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်နှင့် စေတီတော်ကြီးဘက်စုံမွမ်းမံပြုပြင်ရန် စေတနာရှင်ပြည်သူများကဒုတိယအကြိမ်အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတောင်တော် ဘက်စုံဓမ္မာရုံကြီး၌ ပြုလုပ်သည်။

အခမ်းအနားတွင် စေတီတော်ဘက်စုံပြုပြင်တည်ဆောက်ရေးအဖွဲ့(နာယက) ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက အမှာစကားပြောကြားပြီး အလှူရှင် ၇၅ ဦးတို့က ငွေကျပ် ၃၄၂၈၅၅၀ ကို ပေးအပ်လှူဒါန်းကြသည်။ (၂၈၄)

ကိုယ့်အားကိုယ်ကိုး တံတားတည်ဆောက်

တမူး ဇူလိုင် ၂၆

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြ/ကျေးလက် လမ်းတံတားနှင့် ရေပေးရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တမူးမြို့ ဈေးတန်းရပ်ကွက်ပြည်သူလူထုက ဇီဝကလမ်းနှင့် အောင်မင်္ဂလာလမ်းဆုံတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားကို ဇူလိုင် ၁ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ယင်းကိုယ့်အားကိုယ်ကိုးတံတားကို ရပ်ကွက်ပြည်သူလူထုက ထည့်ဝင်ငွေကျပ် ၄၄၄၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ကိုယ့်အားကိုယ်ကိုး တံတားတည်ဆောက်ရာတွင် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းလွင်တို့က အနီးကပ် ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သာစည်၌ မူလတန်းလွန်ကျောင်းဖွင့်

သာစည် ဩဂုတ် ၃

အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲအခမ်းအနားကို သာစည်မြို့နယ် နွားထိုးကျေးရွာတွင် ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလှ၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမောင်မောင်အေးနှင့် ပညာရေးဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျေးရွာမိဘပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မူလတန်းလွန်ကျောင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအေးလှနှင့် လက်ထောက်ပညာရေးမှူး ဦးမောင်မောင်အေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(၄၂၅)**

ဘားအံတွင် ငရုတ်ကောင်းစုပေါင်းစိုက်ပျိုး

ဘားအံ ဇူလိုင် ၃၁

၂၀၀၄ ခုနှစ် ကရင်ပြည်နယ် ငရုတ်ကောင်း စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၈နာရီက ဘားအံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကမော့ကပိုခြံတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ကျေးရွာများမှ မိဘပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးက အမှာစကား ပြောကြားပြီး ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ငရုတ်ကောင်း စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကာ ငရုတ်ကောင်းအပင် ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

ကရင်ပြည်နယ်တွင် ၂၀၀၄ ခုနှစ်အတွင်း ငရုတ်ကောင်း ၁၅၁၆ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မိုးစပါးပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ ထွက်ရှိရေး (တိုင်းအဆင့်) ပညာပေး ဆွေးနွေးပွဲနှင့် စံပြကွက်စမ်းသပ်ကွက်များ ပြုလုပ်ပြသပွဲကို ပဲခူးတိုင်း ရေတာရှည် မြို့နယ် ကုန်းကြီးစိုက်ပျိုး ပညာပေးရေးစခန်းတွင် ဇူလိုင် ၂၆ ရက်က ကျင်းပရာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဝန်ထမ်းများက ပေါင်းဖြင့်ပျိုးထောင် နည်းစနစ်ဖြင့် လက်တွေ့ပြုလုပ်ပြသစဉ်။ (၁၄၁)

ဇလွန်မြို့နယ်၌ ပန်းပင်များစိုက်ပျိုး

ဇလွန် ဩဂုတ် ၂

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဥယျာဉ်မြို့တော်တည်ဆောက်ရေးစီမံချက်အရ မြို့တွင်းလမ်းဘေးဝဲ/ယာများတွင် ပန်းအလှပင်များ စိုက်ပျိုးလျက်ရှိရာ ယခုအခါ ပန်းအလှပင် စုစုပေါင်း အပင် ၁၆၅၀၀ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြနန္ဒီရိပ်သာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာကော်မတီနာယက ဒေါ်ညွန့်ညွန့်၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဌေး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ ဇူလိုင် ၃ ရက်က သစ်ပင်များစုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သန့်မြန်သူ မော်တော်ယာဉ်လိုင်းကြီးကြပ်ရေးကော်မတီဌာနခွဲ(၃) လက်အောက်ရှိ အမှတ်(၇၇) ယာဉ်လိုင်း ယာဉ်ပိုင်ရှင်များက ယာဉ်မောင်း၊ ယာဉ်နောက်လိုက် သား၊ သမီးများအား ပညာသင်စရိတ်ထောက်ပံ့ရာ သန့်မြန်သူယာဉ်လိုင်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကိုလေး(ငြိမ်း)က အလှူငွေကျပ် ၇၂၉၅၀၀ ကို မိဘကိုယ်စားလှယ်တစ်ဦးအား ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး ပညာရွှေမြေ စာကြည့်တိုက်ဖွင့် အလှူရှင်များက စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ရေနံချောင်း ဇူလိုင် ၃၁

ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဝက်လွတ်ကျေးရွာအုပ်စု ဝက်လွတ်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ပညာရွှေမြေ စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးတင်လတ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ကျေးလက်ဒေသ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အလှူရှင်များက စာအုပ်မျိုးစုံ ၁၅၀ ကို ပေးအပ်လှူဒါန်းကြသည်။ **(၃၃၃)**

နွားထိုးကြီးမြို့နယ် စကြာတောင်၌ သစ်ခွကြဲ၊ သစ်ခွချပွဲကျင်းပ

နွားထိုးကြီး ဇူလိုင် ၃၀

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် သစ်ခွကြဲ၊ သစ်ခွချပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက နွားထိုးကြီးမြို့နယ် ဆူးကိုင်းကျေးရွာအုပ်စု စကြာတောင်၊ တောင်စောင်းများတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးကျော်နိုင်ထွန်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာတွင် သစ်ခွများ ကြဲပက်ပေးကြသည်။

သစ်ခွချ

၂၀၀၄ ခုနှစ် မိုးရာသီသစ်ခွကြဲ၊ သစ်ခွချပွဲကို ဒုတိယအကြိမ်ဖြင့် စကြာတောင်စောင်းတစ်လျှောက်တွင် သစ်ခွစုစုပေါင်း ၁၂၇ ပြည် ကြဲပက်ဆောင်ရွက်ခဲ့သည်။ **(၉၄)**

လက်ထပ်ပြီးစီးခြင်း

ကျွန်တော်၊ ကျွန်မတို့သည် ၅-၈-၂၀၀၄ရက်တွင် မြောက်ဥက္ကလာပမြို့နယ် တရားရုံး ဒုတိယမြို့နယ်တရားသူကြီး ဦးကျော်စံဝင်းရှေ့မှောက်တွင် နှစ်ဦး သဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ကျော်ဇင်ဝင်း [၁၂/ဒဂရ(နိုင်)၀၀၆၅၄၂]
မခင်မြင့်မြတ်ထွန်း [၇/သနပ(နိုင်)၀၆၃၃၆၆]။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပုသိမ်ညွှန့်(စံပြ)ရပ်ကွက်၊ ဓမ္မပိဟာရလမ်း၊ အမှတ်(၈၂)နေ
ဦးတင်ထွဋ် (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်ခင်မာကြူတို့၏သား

မောင်ဝဏ္ဏထွဋ် G.T.I (Civil)
ဒုလက်ထောက်ကြီးကြပ်ရေးမှူး (ထုတ်လုပ်ရေးဌာန)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း၊ အမှတ်(၁၂၀၃/ခ)နေ ဦးဝင်းမြင့်-ဒေါ်ဌေးဌေးရီ(စိန်အမိန့်ရ ငွေချေးလုပ်ငန်း)တို့၏သမီး

မချိုစမ်းအေး G.T.I (Civil) (Final Year -Maths)

တို့သည် ၂၁-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝဏ္ဏထွဋ်-မချိုစမ်းအေး။

လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော ဆက်သွယ်ရေး (၃) (ကြေးနန်း)ရာထူး နေရာများအတွက် အောက်ဖော်ပြပါ အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာမြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးမှတစ်ဆင့် လျှောက်ထားနိုင်သည်။
လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရပါမည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမျိုးသား/အမျိုးသမီးလျှောက်ထားနိုင်သည်။
(ဂ) အခြေခံပညာအထက်တန်းကိုအနည်းဆုံး"ခ"အဆင့်ဖြင့်အောင်မြင်ရမည်။
(ဃ) ကြေးနန်းအပို့/အယူ အခြေခံတတ်မြောက်ရမည်။
(င) အသက်အတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူကို လျှောက်လွှာနှင့်အတူပေးပို့ရမည်။
(စ) (၃-၉-၂၀၀၄)ရက်နေ့တွင် အသက် (၃၅)နှစ်ထက်မကြီးစေရ။
(ဆ) ကျန်းမာရေးကောင်းမွန်၍ ကိုယ်လက်အင်္ဂါချို့ယွင်းမှုမရှိဘဲ အကြားအာရုံကောင်းရမည်။
(ဇ) မည်သည့်ဒေသမဆို ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(ဈ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အနည်းဆုံး (၇)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
၂။ လျှောက်ထားသူများသည်ရွေးချယ်ခြင်းခံရပါကတစ်နေ့လျှင်(၁၀၀ိ/-)ကျပ်နှုန်းဖြင့်နေ့စားဝန်ထမ်းအဖြစ်ခန့်ထားမည်ဖြစ်ပြီး၊ ရန်ကုန်မြို့ ကြေးနန်းဆက်သွယ်ရေး၊ စာတိုက် သင်တန်းကျောင်းတွင် ကြေးနန်းအပို့/အယူအတွက် သင်တန်းကို(၄-၁၀-၂၀၀၄)နေ့မှ (၁၁-၃-၂၀၀၅)နေ့အထိ တက်ရောက်ကြရမည်။ သင်တန်းတက်ရောက်အောင်မြင်ပါက တစ်နှစ်အစမ်း ခန့်ထားပြီး လုပ်ရည်ကိုင်ရည် ကျေနပ်ဖွယ်ရှိမှသာ ဆက်သွယ်ရေး(၃)တွင် အမြဲတမ်း ခန့်ထားမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်နေစဉ်အတွင်း မိမိဆန္ဒအလျောက် နုတ်ထွက်သွားခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိခင်ဌာနသို့ပြန်ပို့ခံရခြင်းများ ပေါ်ပေါက်လာပါက သင်တန်းအတွက် ကုန်ကျစရိတ်အားလုံးကို ပေးလျော်စေပြီးမှသာ အလုပ်မှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။
၃။ လျှောက်လွှာများကို လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ (၂၀-၈-၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ မြို့နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနရုံးများမှ တစ်ဆင့်ပေးပို့ရမည်။
၄။ ရာထူးခန့်ထားရေးအတွက် ကြေးနန်းအပို့/အယူ လက်တွေ့စစ်ဆေးခြင်းကို တစ်မိနစ်လျှင် မြန်မာကြေးနန်းသင်္ကေတ (၁၄)လုံးနှုန်း/ အင်္ဂလိပ်ကြေးနန်းသင်္ကေတ(၁၀)လုံးနှုန်း၊ ကိန်းဂဏန်းအတွဲ (၈)လုံးနှုန်းဖြင့် စစ်ဆေးမည်ဖြစ်သည်။
၅။ လက်တွေ့စစ်ဆေးသည့် စာမေးပွဲကို (၂၁-၉-၂၀၀၄)ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ (၁၄-၉-၂၀၀၄)၊(၁၅-၉-၂၀၀၄)နှင့် (၁၆-၉-၂၀၀၄)နေ့များတွင် လာရောက်သတင်းပို့ရမည်ဖြစ်သည်။ (သတင်းပို့လျှင် အလုပ်သမားမှတ်ပုံတင် ကတ်ပြားမူရင်း၊ အခြေခံပညာ အထက်တန်းအောင်လက်မှတ်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တစ်ပါတည်း ယူဆောင်လာရမည်။ အဆိုပါ စာရွက်စာတမ်းများမပြည့်စုံလျှင် စာမေးပွဲဖြေဆိုခွင့်မပြုပါ။) (တစ်ဦးချင်းထံသို့ အကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။) စုံစမ်းလိုသော အချက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ရုံးချုပ်) စီမံရေးရာဌာန၊ ဖုန်းအမှတ် (၂၄၂၅၉၁)နှင့် (၂၅၄၂၅၅)သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

Oval အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်တို့၏အမှုသည် Mcaide Enterprise Co.,Ltdမှ ထုတ်လုပ်သည့် Oval တံဆိပ် မှင်ဖျက်ဆေးများကို မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချခွင့်ရရှိထားသော တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူ Beauty World Trading and Industrial Co.,Ltd ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ယခုအခါဈေးကွက်အတွင်း၌ Mcaide Enterprise Co.,Ltd မှ ထုတ်လုပ်ခြင်းမရှိသော အခြားတံဆိပ်များကို Oval နှင့် ဘူးခွံပုံစံ အရောင်အသွေးနှင့် Code နံပါတ်များတုပ၍ Mcaide Enterprise Co.,Ltd မှ ထုတ်လုပ်ရောင်းချသယောင် ထင်ယောင်ထင်မှားဖြစ်စေပြီး တုပရောင်းချလျက်ရှိသည်ကိုတွေ့ရပါသည်။

သို့ဖြစ်ပါ၍ ဝယ်ယူသုံးစွဲသူများ၊ ရောင်းချပေးသူများသည် အတုနှင့် အစစ်ခွဲခြားရွေးချယ်ဝယ်ယူကြပါရန် သတိပေးကြေညာအပ်ပါသည်။

ဆက်လက်၍ အထက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကသော်လည်းကောင်း (သို့မဟုတ်)လူအများကသော်လည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း၊ ထပ်တူထပ်မျှ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ပုံတူပုံမှား၊ တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်ညွန့်(၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)။
တရားရုံးချုပ်ရှေ့နေများ
အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။
ရုံးဖုန်း-၃၇၁၇၅၅၊ ၃၇၁၇၁၇၊ ၇၂၀၂၅၅၊ ၀၉-၅၀၁၁၅၇၁။
E;mail-khinyunt @baganmail.net.mm

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသောချစ်သားကြီး **ဗိုလ်ကြီးတင့်နိုင်ဦး** B.Sc (Maths) Hons;Q (ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန)၏ ၇-၈-၂၀၀၄တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေ။

ချစ်ဖေဖေ-ဦးညီစိန် (ဒုတိယဌာနမှူး၊ မြို့တော်စည်ပင်)
ချစ်မေမေ-ဒေါ်အေးအေးမော်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြောက်နေ
Captain တိုးထွန်းမြင့်-ဒေါ်ဝေဝေလှိုင်[Floor Supervisor, Grand Mercure Hotel (Managed by Accor)]တို့၏သားကြီး

မောင်ဘိုးသကြွန်ထွန်းမြင့် Second Year (Economics)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်းနေ
ဦးသိန်းနိုင်-ဒေါ်ခင်ညွန့်(ထွန်းမေတ္တာသက်နှင်းတိုက်)
တို့၏သမီး

မအေးသန္တာနိုင် Second Year (Law)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီး၍ ၃၀-၇-၂၀၀၄ရက်တွင် မဏ္ဍာရာကျောင်း(အိမ်တော်ရာတိုက်)၌ မင်္ဂလာဦး ဆွမ်းကျွေးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဘိုးသကြွန်ထွန်းမြင့်-မအေးသန္တာနိုင်။

ဒေါ်မေလီ (မန္တလေး)

တရုတ်ဘာသာ (အိမ်သို့လိုက်သင်သည်)

အရေး အဖတ်၊ အပြော (အခြေခံမှစ၍ သင်ပေးသည်)

ဖုန်း-၅၃၉၈၁၀၁

PCR TEST PASSED ဖြစ်သော

ရေခန် ပုစွန် သားပေါက်များ

ရနိုင်ပါသည်။

GOLDEN MYEIK CO.,LTD.

Tel: 724584,502593

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ

အမှတ် (၂၅)၊ နတ်စင်လမ်း(သီတာလမ်းအနီး)ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ ☎542311 09-5002003

မြန်ကောင်း တိုင်းရင်းဆေးကုခန်း

လိပ်ခေါင်း၊ လေဖြတ်၊ အရိုးအကြောအထူးကု

လိပ်ခေါင်း-လိပ်ခေါင်းရောဂါအမျိုးမျိုးကို ယခုမျက်မှောက်ခေတ်အစွမ်းထက်မြက်ဆုံး တရုတ်တိုင်းရင်းကုထုံးနှင့် ပေါင်းစပ်၍ ကုသပေးနေပါသည်။ (ကုသရာတွင် နာကျင်မှုမရှိကြောင်း) ဆေးထည့် ဆေးစားရုံဖြင့် ကုသချိန် အလွန်တိုတောင်းပြီး ရက်ပိုင်းအတွင်း ရောဂါအခြေအနေတိုးတက်ကောင်းမွန်စေပြီး ဝေဒနာရှင်သည် အနားယူရန်မလို ပုံမှန်သွားလာလှုပ်ရှားနိုင်သည်။ ဆေးထည့်ချိန် (၁-၃)မိနစ် လေဖြတ် နှင့် ကျိုးခေါင်းရောဂါအမျိုးမျိုးကိုလည်း ကုသပေးပါသည်။

ရန်ကုန်(ပင်ရင်း)- အမှတ်(၂၅/ဘီ)၁၃လမ်း(အောက်)လမ်းမတော်၊ရန်ကုန်မြို့။ဖုန်း- ၀၁- ၂၁၂၈၂၂

အမှတ်(၅)၊ (၁၁၉)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟု ခေါ်တွင်သော မြေ၊ အဆောက်အအုံအကျိုးခံစားခွင့်နှင့် စပ်လျဉ်း၍သက်ဆိုင်သူများနှင့်အများသိစေရန်

မြေတိုင်းအခေါ်အားဖြင့် သိမ်ဖြူတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁အို၊ မြေကွက်အမှတ်-၄၇၈၊ အတိုင်းအတာခန့်မှန်း(၃၈'.၆"x၃၀')ရှိမြေနှင့် အမှတ်(၅)၊ (၁၁၉)လမ်းဟုခေါ်တွင်သော နှစ်ထပ်အဆောက်အအုံအပါအဝင် မြေပေါ်ရှိအရပ်ရပ် အကျိုးခံစားခွင့်အားလုံးကို မြေဂရန်အပါအဝင် အစဉ်အဆက် မှတ်ပုံတင်စာချုပ်စာတမ်းများ လက်ရှိနေထိုင်ပိုင်ဆိုင်မှုစသည့်အခွင့်အရေးရှိသူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသည်။ ယင်းမြေအိမ်အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍မှတ်ပုံတင် အရောင်းအဝယ်အရ အမည်ပါဝင်သူ (ဒေါ်ရဟီမာဘီ-အဘ ဦးအာမက်၊ အမ်တီအင်န်တီ- ၀၀၀၀၄၅၊ ယူစီစီ-၂၃၆၆/၇၂ကွယ်လွန်)၏ ပိုင်ရေးဆိုင်ခွင့်ကို ဆက်ခံပိုင်ဆိုင်ကြောင်း တင်ပြကန့်ကွက်အရေးဆိုလိုသူများအပါအဝင် ယင်းအိမ်၊ မြေအကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ အခွင့်အရေးရှိကြောင်း ကန့်ကွက်တားမြစ်တောင်းဆိုလိုသူမှန်သမျှသည် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်မာလုံလောက်သော အထောက်အထားများနှင့်တကွ ကိုယ်တိုင် တင်ပြကန့်ကွက်ရန်ဖြစ်ပါသည်။ ထိုရက်ကျော်လွန်က အရောင်းအဝယ်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ငြိမ်း	ဒေါ်ခင်မေသန်း
B.A (Law), LL.B, D.B.L,D.M.L	LL.B, D.B.L,D.M.L

တရားရုံးချုပ်ရှေ့နေများ
အမှတ်(၅)၊အခန်း(၇)၊ (၃၄)လမ်း၊ ကျောက်တံတားမြို့နယ်၊ဖုန်း-၀၉-၅၀၁၅၃၁၆။

HEPATEC®

FAME

0506 Y 06752

သဘာဝအသည်းအားဆေး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ မဟာဗေဓိလမ်း၊ အမှတ်(၄၆)၊ အခန်း(၃/ခ)နေ (ဦးစိုးမြင့်)-ဒေါ်သန်းမြိုင် (စွယ်တော်-၂၊ စာအုပ်ချုပ်စက္ကူဖြတ်လုပ်ငန်း)တို့၏သား ဦးတင့်လွင်ဦး (Chief Engineer-East Wind Ship Management Pte.Ltd.)- ဒေါ်စန္ဒာညွန့် (ရွှေမြန်မာပုံနှိပ်တိုက်)တို့၏ညီ

မောင်စည်သူမြင့် (East Wind Ship Management Pte.Ltd.)

နှင့်

ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း-ဒေါ်ခင်မေထွေးတို့၏ တစ်ဦးတည်းသောသမီး မောင်ကောင်းထိုက်သူ၏ အစ်မ

မခိုင်ဇာဝင့်မော်ထွန်း B.E (Civil)

တို့သည် ၅-၈-၂၀၀၄နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စည်သူမြင့်-မခိုင်ဇာဝင့်မော်ထွန်း။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ စကားဝါလမ်း၊ အမှတ်(၉)နေ ဦးအင်စိုး(ခ)တန်ကြိုအင်(အမျိုးသားမှတ်ပုံတင်အမှတ်-အမ်ဂျီအိုင်အီး-၀၀၆၈၇၇)သည် အောက်ပါကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

YAMASU®

မှတ်ပုံတင်အမှတ်-၄၄၁၉/၁၉၉၈	မှတ်ပုံတင်အမှတ်-၄၄၂၀/၁၉၉၈

အထက်ပါကုန်အမှတ်တံဆိပ်များကို ထီးအမျိုးမျိုး၊ အထူးသဖြင့်ခေါက်ထီးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ၁၉၉၇-ခုနှစ်မှစ၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။ မူလ **YAMASU** တံဆိပ်နှင့်စာသားကိုလည်း ၁၉၉၇-ခုနှစ်တွင် မှတ်ပုံတင်အမှတ် ၉၂၇/၉၇ နှင့် ၉၂၈/၉၇ ဖြင့်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ယခင်က မြန်မာပြည်မြို့ကြီးအချို့တွင် **YAMASU** ထီးအတုအပများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများကို ဥပဒေအရ ဖမ်းဆီးအရေးယူခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့ တုပရောင်းချခြင်းများထပ်မံတွေ့ရှိပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာတရားရုံးများတွင် တရားမကြောင်းအရ ပြစ်မှုကြောင်းအရ တရားစွဲဆို၍ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဝင်းမူတင်(M.A.,H.G.P.,D.B.L)
အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

SPEAK ENGLISH with Confidence In Just 3 Months
Courses Conducted By Dr. George M-C ACADEMY
Enrol Now. New Classes Starting 1 Sept.2004.
3C, 3rd Level. GOLDEN GATE TOWER. Upper Pazundaung.

- နိုင်ငံခြားသွားပြီး ကြိုက်တာသင်ဖို့
- အလုပ်ကောင်းကောင်း နေရာကောင်းကောင်းရဖို့
- ပြည်တွင်းကုမ္ပဏီတွေမှာပဲ ဟန်ကျဖို့

ဘာလိုသလဲ ??၊ ဘာလိုပါသလဲ ???

အဖြေက အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား ပြောနိုင်မှု၊ ရေးနိုင်မှု၊ ဖတ်နိုင်မှု၊ နားလည်နိုင်မှု ဘယ်နှစ်တန်းပဲ အောင်ခဲ့၊ အောင်ခဲ့၊ လာသာလာပါ ပြေလည်သွားမှာ အဖြေက

POISE MANAGEMENT SCHOOL -မှာ

ဖုန်းဆက်ဖို့က	203106
လာမေးဖို့က	125 (F) ဗိုလ်ချုပ်လမ်းမပေါ်နဲ့ ၄၈ လမ်းထောင့် မျက်နှာချင်းဆိုင်က ပညာအလင်းပြ စာအုပ်ဆိုင်၊ နီးတာက ရေကျော်မောင်အေးကပီး (7:00AM - 5:00PM)

ရမ္မက်၏နီဂုံး ငရဲ၏နိဒါန်း

မင်းသိခ်၏ ဆားပုလင်းနှင့်မောင်နှင့်ဝိဝါအမှု

ဖြန့်ချိရေး-ပြူးပန်းတစ်ရာစာပေ
၁၅၆၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း -၂၄၅၃၆၀၊ ၂၅၂၅၃၈

ထွက်ပြီ

THE BEST®
Nice-Sleep Pillow
အကောင်းတကာထဲကအကောင်းဆုံး

✦ သယ်ယူရလွယ်ကူစေရန်အတွက် လေဖိအား ပေးထားသော Press Pillow ခေါင်းအုံးများကို အသစ်ထပ်မံ ထုတ်လုပ် ဖြန့်ချိပေးနေပါသည်။
✦ ဆိုတီးဟုမ်း Show Room များနှင့် အမြို့မြို့အနယ်နယ် ဆိုင်တိုင်းတွင် ဝယ်ယူအားပေးနိုင်ပါသည်။

THE BEST ဆီလီကွန်ခေါင်းအုံးသည်
၁။ နူးညံ့ပျော့ပျောင်းခြင်း။
၂။ ကျန်းမာရေးနှင့်ညီညွတ်ခြင်း။
၃။ အိပ်စက်ရာတွင် သက်သောင့်သက်သာရှိခြင်း။
၄။ အလုံးလိုက်လျှော်ဖွပ်နိုင်ခြင်း။
၅။ အနံ့အသက်ကင်းစင်ခြင်း ... တို့ကြောင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။

မကြာမီ THE BEST တံဆိပ် အိပ်ရာခင်းများ၊ ခေါင်းအုံးစွပ်၊ ဖက်လုံးစွပ်များကို ထုတ်လုပ်ဖြန့်ချိပေးတော့မည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးလိုက်ပါသည်။
THE BEST ခေါင်းအုံးကို ဆိုတီးဟုမ်းကုမ္ပဏီမှ ထုတ်လုပ်ပါသည်။

ဆိုင်ဖွင့်ပွဲ ၃ နှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်
ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ပေးသော ပါဝါ မျက်ကပ်မှန် အထူးလျှော့ဈေး
၃၆၁၊ ရွှေဘုံသာအထက်လမ်း။ 383884
၁၁၅၊ ပထမထပ်၊ ယုဇနပလာဇာ။

ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အမှတ်(A/၂၇)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ စက်မှုဇုန်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် နေထိုင်သူ ဦးထွန်းကျော်(နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/လမတ(နိုင်)၀၂၃၇၈၀]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များ၊ အမည်အမှတ်အသားများကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၁၈–၂–၂၀၀၄ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၉၈၀/၂၀၀၄)၊ (၉၈၁/၂၀၀၄)၊ (၉၈၂/၂၀၀၄)၊ (၉၈၃/၂၀၀၄)အဖြစ် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Alternative Sport

မှတ်ပုံတင်အမှတ် (၉၈၀/၂၀၀၄)	မှတ်ပုံတင်အမှတ် (၉၈၁/၂၀၀၄)	STEP မှတ်ပုံတင်အမှတ် (၉၈၂/၂၀၀၄)	မှတ်ပုံတင်အမှတ် (၉၈၃/၂၀၀၄)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို အသုံးပြု၍ အမျိုးသားဝတ်စုံအမျိုးမျိုး၊ အမျိုးသမီးဝတ်စုံအမျိုးမျိုး၊ ကလေးဝတ်စုံအမျိုးမျိုး၊ ဦးထုပ်၊ လက်ကိုင်အိတ်အမျိုးမျိုးတို့ကို ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပိတ်စအမျိုးမျိုးတို့ဖြင့် ချုပ်လုပ်လျက် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးအမှတ်(၁၃)၊ မြေညီထပ် (STEP) အထည်ဆိုင်မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားထုတ်လုပ်၍ဖြစ်စေ၊ သုံးစွဲထုတ်လုပ်ဖြန့်ချိရောင်းချသူ မည်သူကိုမဆို တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဦးလှဝင်း B.A(LAW)LL.B
တရားရုံးချုပ်ရှေ့နေ(စဉ်–၁၅၃၇)
အမှတ်–၃၅၊ (ပထပ်)၊ ၂၁လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

YOUTH Computer Centre
CI-710453 CII-376418 CIII-593101
Certificate in Music Production ▶ ဂီတကိုဝါသနာပါသော လူကြီး၊လူငယ်များအတွက် နည်းစနစ်လည်းကျ မြူးမြူးကြွကြွ (သို့) မြန်မာ ဆန်ဆန်တီးလုံးများ၊ ဖန်တီးတတ်စေရန်
Certificate in Business Environment ▶ ယနေ့ခေတ် ရုံးလုပ်ငန်းခွင်ဝင်လိုသူများအတွက် အသင့်တော်ဆုံးသင်တန်း (Include Email, Internet)
Certificate in IT (ICT Level I) ▶ လူငယ်များအတွက် အခြေခံအကျဆုံးသော ကွန်ပျူတာအခြေခံ (Include Email,Internet)
Certificate in NE (ICT Level II) ▶ PC & Network Engineer ဖြစ်လိုသူများအတွက် အသင့်တော်ဆုံးသင်တန်း (Include A+, NE)
Certificate in SE (ICT Level III) ▶ Software Engineer ဖြစ်လိုသူများအတွက် အသင့်တော်ဆုံးသင်တန်း (Include OOT, Database)
သင်တန်းတိုင်းတွင် Tests & Pratical Projects များပါဝင်သည်။
❖ Windows XP, ❖ DTP & Design, ❖ C & C++, VB, ❖ AutoCAD 02, ❖ Graphics Design, ❖ ACCPAC Plus
Course အသေးစိတ်ကို စုံစမ်းပါ
CI-307, 2nd Floor, Tarmwe | CII-118, Grd Floor 39th St(Lower) | CIII-27/403, 2nd St, B Block, Yuzana

High Light Co., Ltd
Ph: 384 305, 703 713, 09-2001142
ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)
၁။ အရောင်းမြှင့်တင်ရေး ကျား+မ (၁၅)ဦး ၁၀ တန်း
၂။ ကွန်ပျူတာကျွမ်းကျင် ကျား+မ (၁)ဦး ၁၀ တန်း
၃။ ရုံးဝန်ထမ်း (အင်္ဂလိပ်စာ ရေး+ပြောကျွမ်းကျင်) ကျား+မ (၁)ဦး (BA-Eng)
၄။ ယာဉ်မောင်း ကျား (၂)ဦး
အမှတ်စဉ် (၁မှ၄)ထိ အသက်(၁၈မှ၃၀)နှစ်အတွင်းဖြစ်ရမည်။ ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ လိုအပ်သော စာရွက်စာတမ်းများယူဆောင်ရန် ကြော်ငြာပါသည့်နေ့မှ (၁၇-၈-၂၀၀၄)ရက်အတွင်း တိုက် ၁၀၆၊ အခန်း ၂၀၁၊ ၁၉-လမ်း(အထက်)၊ လသာမြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ချမ်းမြေ့ရတနာ စာအုပ်တိုက်
တ–၆/၈၅၊
၆၅လမ်းနှင့် ၃၄လမ်းထောင့်
ချမ်းမြသာစည်မြို့နယ်မန္တလေး
နေဝင်းမြင့်
သစ်သီးတောင်လှေကလေး
နှင့်
အခြားပုံပြင်များ
စာမူခွင့်ပြုချက်အမှတ်
၈၁/၂၀၀၃(၁၂)
ထွက်ပါပြီ
ဖြန့်ချိရေး
ရန်ကုန်
Echo Media
မန္တလေး
ထွန်းဦးစာပေ

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	ဒေါ်အုန်းတင်	၁၂/လမန(နိုင်)၁၀၂၆၁၇	၈၆၀၊ (၅)ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၅	၈၆၀	ဦးသောင်းမြင့်	ဂရန်သစ်
၂။	ဒေါ်စိန်ကျော်	TPN ၀၁၀၇၄၅	၁၅၆၊ ဇီဇဝါလမ်း၊ သဃ်န်းကျွန်း	သင်္ဃန်းကျွန်း	၂၉သုဝဏ္ဏ	၁၅၆	ဒေါ်စိန်ကျော်	ဂရန်သစ်
၃။	ဦးစိုးပိုင်+၄	၁၂/အလန(နိုင်)၀၂၂၁၃၃	၁၃၊ ၁၂၉-လမ်း	မင်္ဂလာတောင်ညွန့်	၁၁-A	၁၃	ဒေါ်စိတ်ပို့+၄	အမည်ပြောင်း
၄။	ဒေါ်ရင်နု+၁	CG ၁၉၀၇၀၅	၂၅၊ ၁၆၂-လမ်း	တာမွေ	၃၄E	၃၀၁	မောင်သန်းထွန်း	အထူးဂရန်
၅။	ဒေါ်ပြုံးပြုံးကြည်+၃	၁၂/ဗဟန(နိုင်)၀၄၀၉၄၈	(၆)၊ ခေမာလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်း	ဗဟန်း	၃၅-CG	၉၈၆	ဒေါ်အုန်းကြည်	မြေပုံကူး
၆။	ဒေါ်စိန်စိန်	၉/တကန(နိုင်)၀၂၃၄၅၂	၇၊ ခေမာလမ်း၊ ဗဟန်း	ဗဟန်း	၃၅-CG	၉၈၇	ဦးကြည်အောင်	မြေပုံကူး
၇။	ဒေါ်ခင်စမ်းရီ	၁၂/မဂတ(နိုင်)၀၆၉၆၉၇	၁၇၀/၁၇၂၊ လမ်း-၄၀၊ ကျောက်တံတား	ကျောက်တံတား	၁၃-F2	IV 4	Mohamed Esoof Sidat	အမည်ပြောင်း
၈။	ဦးအဘာအတ်(ဘ်)ဟူလျှံ(ခ)မောင်မောင်	၁၂/ပဘတ(နိုင်)၀၀၅၂၂၇	၄၇၊ ၂၈-လမ်း၊ ပန်းဘဲတန်း	ပန်းဘဲတန်း	၁၅C၁	V ၇၃	Fatima Bi +၃	အမည်ပြောင်း
၉။	ဦးကျော်လင်း	၅/မရန(နိုင်)၀၈၅၅၉၄	၁၅၈၂/၄၁-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၁	၁၅၈၂	ဦးတင်ငွေ	ဂရန်သစ်
၁၀။	ဒေါ်ရင်လှ+၁	၁၂/သဃက(နိုင်)၀၄၇၅၂၃	၈၂၈၊ ငမိုးရိပ်(၂)လမ်း၊ သဃ်န်းကျွန်း	သင်္ဃန်းကျွန်း	ငမိုးရိပ်	၈၂၈	ဒေါ်ညို	ဂရန်သစ်
၁၁။	ဦးကျင်စိန်+၁	CC ၀၃၅၇၄၂	၅၂၊ ၄-လမ်း	လမ်းမတော်	၂၂ W၂	V ၁၅၁	ချင်ဝ(လ်)ကို(ခ)ချင်ဝင်(လ်)ကြီး+၁	အမည်ပြောင်း
၁၂။	ဗိုလ်မှူးချုပ်မင်းနိုင်	၁၃/ရစန(နိုင်)၀၀၅၇၉၅	၁၀၃၄၊ (၉)ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၉	၁၀၃၄	ဦးကျော်စိန်	အမည်ပြောင်း
၁၃။	ဒေါ်သက်မာမျိုး	၁၂/ဥကတ(နိုင်)၁၅၈၁၅၉	၈၀၉/က၊ ကုန်းဘောင်(၁၂)လမ်း၊ (၆)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၆	၈၀၉(က)	ဦးလှတင်	အမည်ပြောင်း
၁၄။	ဒေါ်စန်းစန်းခိုင်	၉/မနမ(နိုင်)၀၁၄၉၃၁	၁၂၂၀၊ ၃၈-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၈	၁၂၂၀	ဦးသန်းဦး	ဂရန်သစ်
၁၅။	ဒေါ်သီသီမြင့်	၁၂/မရက(နိုင်)၀၆၆၂၂၉	၇၇၈၊အောင်မေတ္တာလမ်း၊၂၉-ရပ်ကွက်၊ဒဂုံမြောက်	ဒဂုံမြောက်	၂၉	၇၇၈	ဒေါ်တင်မေညွန့်	အမည်ပြောင်း
၁၆။	ဦးဇော်မင်း	၁၂/အလန(နိုင်)၀၃၅၆၈၅	၇၆၊ ရှောဝတီလမ်း၊ ဌာနာရပ်ကွက်၊ အလုံ	အလုံ	၂၃H	၇၇	မသောင်းညွန့်	အမည်ပြောင်း
၁၇။	ဒေါ်သင်းသင်းဆွေ	၁၂/မရက(နိုင်)၁၀၂၉၆၂	၃၀၇၊ ဝါယာလက်(၃)လမ်းသွယ်	မရမ်းကုန်း	၄၄-ကံဘဲ့	၇/၂	ဒေါ်ညွန့်ညွန့်ဝေ	အမည်ပြောင်း
၁၈။	ဦးသောင်းတင်	၁၂/ဥကတ(နိုင်)၁၂၉၅၃	၄၆၆/က၊ ဇာနည်(၁၃)လမ်း၊ (၉)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၉	၄၆၆(က)	ဦးစံထွန်း	မြေပုံကူး
၁၉။	ဒေါ်သီတာလှိုင်	၁၂/မရက(နိုင်)၀၂၀၇၆၉	၁၆၆၊ (၂)ရပ်ကွက်၊ အင်ကြင်းလမ်း၊ မရမ်းကုန်း	မရမ်းကုန်း	၂	၁၆၆	ဦးကောင်းကြွယ်	ဂရန်သစ်
၂၀။	ဒေါ်ကျင်မြိုင်	၁၂/လမတ(နိုင်)၀၂၆၉၄၉	၁၉၊ စဥ္စအိုးတန်းလမ်း	လသာ	၂၁-A၁	S 1/3 of S ½ of II 8	ဦးထူးမြင့်	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဇ/၅၃၈၀ တိုယိုတာ ပါပလေကာ ပစ်ကပ်မော်တော်ယာဉ်အား စစ်တွေမြို့၊ ဥယျာဉ်သာ ရွာနေ ဦးရဲသွေး [၁၁/စတန(နိုင်)၀၅၃၁၂၅]မှ ကမ-၃ ပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။ ကညန၊ ပြည်နယ်ရုံး စစ်တွေမြို့။

သားသား William စောရန်နိုင်

I(A) (T.T.C) အတွက်

မွေးနေ့ဆုမွန်

7th August မှာကျရောက်သည့် သားငယ်လေး မောင်စောရန်နိုင်၏ (၆)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပါစေ---။

ဖေဖေ၊ မေမေ၊ ကိုကိုကြီးတို့နှင့်အတူ အောင်မြင်ပြည့်စုံကျန်းမာချမ်းသာစွာဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။ နိုင်ငံ့အကျိုးသယ်ပိုးနိုင်တဲ့ လူရည်ချွန်လူရည်မွန်လေးဖြစ်ပါစေ---။

ချစ်ဖေဖေ – ဦးကျော်မင်းအောင်
(G.M Energy Department, Marubeni)

မေမေ – ဒေါ်တင်မမ

ကိုကိုကြီး – မောင်ပြည့်ဖြိုးထွန်း
(University of Hertfordshire, U.K)

အောင်မင်းခေါင်ကုန်းရိပ်သာ၊ ဝင်ဒါမီယာ။

၃၀ ၊ ၇ ၊၂၀၀၄ မှစ၍ ရန်ကုန် သမ္မတ၊သွင်၊မင်္ဂလာ မန္တလေး - ဝင်းလိုက်၊ မြို့မ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင်တစ်ပြိုင်တည်းပြမည်

သမ္မတ-ဖုန်း-၂၄၆၉၆၂-၂၄၆၉၆၃ သွင်-ဖုန်း-၇၂၅၇၃၈-၃၇၂၅၉၄ မင်္ဂလာ-ဖုန်း-၂၄၃၀၅၇-၂၄၃၀၅၈

အမည်ပြောင်းခြင်း

ဦးကိုကို၏သား အထက(၆)၊ ဗိုလ်တထောင်၊ အဋ္ဌမတန်း(F)မှ မောင်ဒေးတင့်အောင်အား မောင်တင်ထူးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်တင်ထူးအောင်။

MISS

အဆင့်မြင့် ခန်းဆီး
လိုက်ကာ၊ ချုပ်လုပ်တိုင်းတာတပ်ဆင်ခြင်း

ယုဇနပလာဇာ 5th Floor,ဗညားဒလလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်
Ph : 200747, Ext - 5900, 293838

အမည်ပြောင်းခြင်း

ဦးမြသွင်၏သမီး ကော့မှူးမြို့နယ်၊ မှော်တော အထကခွဲ နဝမတန်းမှ မသူဇာလွင်အား မသူဇာဖြိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။

မသူဇာဖြိုး။

အမည်ပြောင်းခြင်း

ဦးသောင်းအေး၏သား ကော့မှူးမြို့နယ်၊ မှော်တော အထက(ခွဲ) ဒသမတန်းမှ မောင်ဝေယံလင်းအား မောင်ကျော်ဝေလင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဝေလင်း

မာမိကြီး နှင့် ဦးသန်းရွှေ ဦးစီးသော ရွှေလမ်းခရီး

ရွှေတောင်ပြူး မင်းနှစ်ပါးပွဲတော် သွားရောက်၍ဆင်နွှဲမည့် ခရီးစဉ်

(၁) ရွှေတောင်ပြူး မန္တလေး၊ မင်းကွန်း (၄)ရက်ခရီး
(၂) ရွှေတောင်ပြူး မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၆)ရက်ခရီး
(၃) ခရီးစဉ် (၁+၂)၊ ပုဂံ ညောင်ဦး၊ ပုပ္ပါး၊ မကွေး၊ မင်းဘူး၊ ကျောင်းတော်ရာ (ငါးကြီးအစာကျွေးပွဲအပါ)၊ ပြည် ဘုရားစုံ (၉)ရက်ခရီး
(၄) ရွှေတောင်ပြူး မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ သီပေါ၊ ကွတ်ခိုင်၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန် (၈)ရက်ခရီး။
(၅) ခရီးစဉ် (၂+၃+၄) (၁၂)ရက်ခရီး။

ကြိုတင်လက်မှတ်ဝယ်ယူနိုင်ပြီ

❖ ၃၁၇၊ ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားအောက်) Ph: 371317
❖ ၃၈၄၊ အောက်ပုဇွန်တောင်လမ်း(ယခင်သီတာဆိပ်အနီး) Ph: 725001

WE ARE NUMBER ONE

စိန်တံဆိပ် ထောပတ်

စစ်မှန်သော ဆီဦးထောပတ် (Pure Ghee)နှင့် လတ်ဆတ်သောနွားနို့မှသာ (Fresh Butter) သုံးဆောင်ကြပါ။

အမှတ် ၁၈၈၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။ ဖုန်း-၂၅၂၆၇၅

မိခင်နှင့်ရင်သွေးငယ်များအတွက် အယုံကြည်ရဆုံး CAMERA BABY WORLD

PAPA® CAMERA® PETPET Goodbaby

မိခင်နှင့်ရင်သွေးငယ်များအတွက် အရည်အသွေးမြင့်မားသော မိခင်နှင့်ကလေးအသုံးအဆောင် ပစ္စည်းအမျိုးမျိုးကို စိတ်တိုင်းကျ ဝယ်ယူနိုင်ရန်အတွက် ***CAMERA BABY WORLD*** ဆိုင်သစ်ကြီးကို လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် (၁၁) တွင် (၁၄ - ၇ -၂၀၀၄) နေ့၌ ထပ်မံတိုးချဲ့ ဖွင့်လှစ်လိုက်ပါပြီ။ ဆိုင်ဖွင့်ပွဲအထူးအစီအစဉ်အဖြစ် (၁၄ - ၇ - ၂၀၀၄)မှ (၁၄ - ၈ - ၂၀၀၄) နေ့အထိ ၎င်းဆိုင်သစ်ကြီးတွင် ဝယ်ယူအားပေးသော မိတ်ဟောင်း/မိတ်သစ်များကို (7% Discount) ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

စာပေမြတ်နိုးသူများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်

NPE NPE

* မေတ္တာမြို့လွှမ်း အေးချမ်းသာယာ ပြည်မြန်မာနှင့် အခြားဆောင်းပါးများ
* ဘုရားစကားလိုက်နာပွားစို့နှင့် အခြားကဗျာများ
* မြန်မာ့ဦးစွန်း-မြန်မာ့မော်ကွန်း
* သမိုင်းတွင်သမိုင်းတင်မည့် ချစ်ကြည်ရေးခရီးမှတ်တမ်းများ(မြန်မာ-အင်္ဂလိပ်)
* နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏အောင်ပွဲများ
* ဒေါ်စုကြည် အင်န်အယ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (မြန်မာ-အင်္ဂလိပ်)
* မှန်နန်းရာဇဝင်(ပ+ဒု+တတွဲ)
* ပြည်ထောင်စုအရေးမျှော်တွေးလို့ မြင်စေချင်နှင့် အခြားဆောင်းပါးများ
* တပ်မတော်သမိုင်း (အတွဲ ၁မှ၈) အထိ
* ဇာတ်တော်ကြီး ၁၀ ဘွဲ့(မြန်မာ-အင်္ဂလိပ်)
* ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများ(မြန်မာ-အင်္ဂလိပ်)
* မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ(မြန်မာ-အင်္ဂလိပ်)
* ရခိုင်ပြည်နယ် ဝေသာလီရပ်ရှိ ရှေးဟောင်းစေတီပုထိုးများ(မြန်မာ-အင်္ဂလိပ်)
* အိရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင်
* တိုင်းတစ်ပါးကျူးကျော်မှုဒဏ် ခံစားနေရသောအီရတ်ပြည်သူများ
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝတ်ရွတ်စဉ်
* အမေရိကကို လူတွေဘာကြောင့်မုန်းနှင့် စာပေကောင်းမျိုးပေါင်း ၁၀၀၀ကျော်ကိုတစ်စုတစ်စည်းတည်း ဝယ်ယူရရှိနိုင်ပါပြီ။

(လက်ကျန် အနည်းငယ်သာကျန်ရှိပါသဖြင့် အမြန်ဝယ်မှ စိတ်ချရမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
(၂၁၂) သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
☎ ၂၉၄၃၀၆

ရှုံးကူမှူကော်၊စက်ရုံများတွင်

Computer ပြင်ရန်

☎ - 720301,660174

PC Workshop

အမြန်ဆုံးရောင်းမည်

- ဒဂုံဆိပ်ကမ်း စက်မှုဇုန်အနီး ၄၀'x ၆၀' မီတာပါမြေကွက်
- စိုက်/မွေးကျေးရွာ ၈၀' x ၁၂၀' မြေကွက်

Ph: 593204

အမြန်ဝယ်လိုသည်

ရန်ကုန်မြို့နယ် အတွင်းရှိ တိုက်ခန်း(၁)ခန်းဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။ ဖုန်း-၂၂၈၅၄၀

ရောင်းမည်

မထသ-၂၀၇လိုင်းကား (အခွန်ဆောင်ပြီးသား) ၅ခ/၂၉၄၁ ဟီးနိုး တစ်နေ့အုံနာအကျန် (၁၈၀၀၀ိ/-)။

ဖုန်း-၅၀၁၅၃၃၊ ၅၀၀၁၃၉။

အမြန်ဆုံးရောင်း/ ငှား

ယုဇနဥယျာဉ်မြို့တော်ရှိ တိုက်ခန်းများ ရောင်း၊ ဝယ်၊ ငှားရမ်းလိုပါက ဆက်သွယ်ပါ။

ဖုန်း-၅၉၃၂၀၄။

Excellent Computer Centre

PROFESSIONAL WEB APPLICATION Level - I

Internet Fundamental	* Windows Basic
HTML	* E-mail & Internet
Java Fundamental	* Hardware (A+)
Java Script	* Visual Basic Level-I
Using Cascading Style Sheets	* JAVA * C++
Dynamic Hyper Text Makeup Language	

ကွန်ပျူတာတက္ကသိုလ်မှ ဆရာဦးအောင်ဇေယျ နှင့် ဝါရင့်ကျွမ်းကျင်သော ဆရာ/ဆရာမများ ကိုယ်တိုင် သင်ကြားပြသော ဘာသာရပ်များဖြစ်သည်။ 20%Discount(August+September)

တိုက်(၇)၊ အခန်း(၁)၊ အောင်သပြေလမ်း၊ (ယုဇနပလာဇာအနောက်ဖက်၂-လမ်းမြောက်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ Ph: ၂၀၀၇၄၇ Ext: ၇၄၂၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-ဂျေ)၊ မြေကွက်အမှတ်(၁၁၃-A/၉)၊ဧရိယာ(၀ဒသမ၃၀၂)ဧကရှိသောမြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၇)၊ ကမ္ဘာအေးစေတီလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဟု ခေါ်တွင်သည့် မြေနှင့်တစ်ထပ်ခွဲတိုက်အိမ်မှာ သက်ဆိုင်ရာဌာနတွင် အမည်ပေါက်သူ ဒေါ်လှရီ နိုင်ငံသားအမှတ် [၁၂/ဗဟန(နိုင်)၀၅၆၃၇၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေပိုင်မြေကွက် နှင့် တစ်ထပ်ခွဲတိုက်အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်ညွန့် (၁၇၀၁) ဒေါ်ရီရီတင် (၁၉၉၅)

တရားရုံးချုပ်ရှေ့နေများ

အမှတ်(၅၅)။ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။

ရန်ကုန်တိုင်း၊ ရုံးဖုန်း-၃၇၁၇၁၇၊ ၃၇၁၇၅၅၊ အိမ်ဖုန်း-၅၄၁၉၀၁

လက်ကိုင်ဖုန်း-၀၉-၅၀၁၁၅၇၁။ ၀၉-၅၀၁၈၃၄၅

Email-Khinyunt@baganmail.net.mm

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ဝေဖြိုးကျော် [၁၂/သကတ(နိုင်)၁၆၀၅၀၈]သည်မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်းကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးကျော်သန်း-ဒေါ်ခင်လှဝင်း။

သွာနုတ္တသားဖြစ်ကြောင်း ကြေညာခြင်းနှင့် အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ထင်မြတ် (ခ) ထွန်းထွန်းဦး အမျိုးသားမှတ်ပုံတင်အမှတ် (LPA-၁၅၅၄၁၆)သည် ၂၀-၇-၂၀၀၄တွင် မိဘ၊ ညီအစ်ကိုမောင်နှမအား စိတ်ဆင်းရဲအောင် ပြုလုပ်ပါ၍ ယနေ့မှစ၍ သွာနုတ္တသားအဖြစ် ကြေညာသည့်အပြင် အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ဦးလှအောင် MMA-၀၃၈၅၇၂)**

အမှတ်-၂၀၊ သမာဓိလမ်း၊ ဗျိုင်းရွာ ၈ ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

စားသောက်ကုန်ဖြန့်ချိရေးလုပ်ငန်းတွင် စိတ်ပါဝင်စားသူ အောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။

1.Sales Man	**(M) 10 Posts**
2.Sales Promoter	**(M) 10 Posts**
3.Marketing Executive	**(M) 4 Posts**
4.Driver	**(M) 2 Posts**

- အမှတ်စဉ်(၁နှင့်၂)အတွက် ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- အမှတ်စဉ်(၃)အတွက် ဘွဲ့ရ၊ အသက်(၃၅)နှစ်အောက်အတွေ့အကြုံရှိသူဖြစ်ရမည်။
- အမှတ်စဉ်(၄)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး (၂)နှစ် အသက်(၃၅)နှစ်အောက်၊ (၂)တန်ကား မောင်းနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့နှင့်အတူ တစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ရုံးချိန်အတွင်း

အမှတ်(၁၈၈)၊ ကုန်ဈေးတန်းလမ်း။ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ခရစ်တော်၌အိပ်ပျော်ခြင်း

စောမစ်တာဝါးထူး(ခ)

Lal Rin Sang

အသက်(၁)နှစ်(၁၁)လ

ဦးမန်းဖားခဲ-(နော်ထွေးမေ)၊ (U Con Za Kap)-Daw Biak Khim တို့၏မြေး၊ အမှတ်(၅၄)၊ ရဲဘော်(၄)လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နေ သိက္ခာတော်ရဆရာတော် ဦးစောဖောဝါးထူး (အသက်ခမ္မကျောင်းအုပ်၊ ကြည့်မြင်တိုင် ကရင်နီအသင်းတော်လက်ထောက်သင်းအုပ်ဆရာ)-ဆရာမချယ်ရီတီ Thuan Nei Mawi(အသက်ခမ္မ)တို့၏ ချစ်လှစွာသောသားဦး၊ (U Thawng Za Hluan)-Daw Cung Kim၊ ဆရာမ Mercy Saw Dim(မေတ္တာရင်ခွင်မိဘမဲ့ဂေဟာ)၊ U Van Lian Khup-Daw Ram Hno, Rev.Hrang Tawk Thang-Daw Cung Nei Lan (သူနာပြုဆရာမ)၊ မရှင်လင်း၊ Ma Van Nei Nuam၊ စောစေးထူး၊ စောရော်ဘင်ထူး-ဒေါ်ဖြူဖြူဝင်း၊ စောကော်ထူးတို့၏တူသည် ၃-၈-၂၀၀၄ (အင်္ဂါနေ့)၌ ရန်ကုန်ကလေးဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)၌ ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန်ရေဝေးသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ ခမ္မမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်
အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် အသက်(၈၁)နှစ်သည် ၂-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ဒါယကာကြီး
ဦးထွန်းရင်ဦး (၆၈)နှစ်
(ရမ်းဗြဲ၊ ကျောက်နီမော်)

၃-၈-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်ခဲ့သော ရွှေဗဟိုရ်စည် မိသားစု၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းရင်ဦး မကွယ်လွန်မီ ဂရုတစိုက် စောင့်ရှောက်ကုသပေးခဲ့ကြသော အဆုတ်နှင့် ရင်ခေါင်း အထူးကုဆရာဝန်ကြီးနှင့် အာရုတော်ဝင် နှလုံးအထူးကြပ်မတ်ကုသဌာနမှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ၅-၈-၂၀၀၄ (ကြာသပတေးနေ့)တွင် ဖခင်ကြီး၏ ဈာပန ကိစ္စအဝဝအား အဘက်ဘက်မှ အားပေးကူညီခဲ့ကြသူများ၊ လိုက်ပါပို့ဆောင်သူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့သူများ၊ တယ်လီဖုန်း၊ ကြေးနန်း၊ အီးမေးလ်တို့ဖြင့် နှစ်သိမ့်အားပေးကူညီခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့်ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီးအားရည်စူး၍ ၉-၈-၂၀၀၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီတွင် ရက်လည် ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်(၇)စီ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၂၆-၇-၂၀၀၄(တနင်္လာနေ့)တွင်ကွယ်လွန်သွားခဲ့သော ဦးညွန့်ထွန်း(ခ) Sonny(ခ) Harold Than Tun(Managing Director, ARMSTRONG Co.,Ltd) (Managing Director, SAN HNON Co.,Ltd.)(Art Director, SAINT SAINT SAN Video Production and Distribution) နာမကျန်းစဉ်က ပြုစုကုသစောင့်ရှောက်ပေးခဲ့ကြသော ရန်ကုန်ဆေးရုံကြီး သွေးရောဂါကုဌာနမှ ဆရာဝန်၊ ဆရာမများ၊သူနာပြုများ၊ အမျိုးသားသွေးလှူဘဏ်မှ တာဝန်ရှိဝန်ထမ်းများ၊ သွေးအလှူရှင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီနှစ်သိမ့်ပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ARM STRONG ကုမ္ပဏီအဖွဲ့သားများ၊ စံနှုန်းကုမ္ပဏီ အဖွဲ့သားများ၊ စိမ့်စိမ့်စံ ဗီဒီယိုအဖွဲ့သားများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

စိမ့်စိမ့်စံ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ဦးကျော်ဇင်ဟိဏ်း၏ဖခင် ဦးညွန့်ထွန်း (ခ)Sonny(ခ) Harold Than Tun(Managing Director, ARM STRONG Co.,Ltd) (Managing Director, SAN HNON Co.,Ltd.)(Art Director, SAINT SAINT SAN Video Production and Distribution) သည် ၂၆-၇-၂၀၀၄(တနင်္လာနေ့)တွင်ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စိမ့်စိမ့်စံ ဗီဒီယိုအဖွဲ့သားများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သင်းကြည်(၆၉)နှစ်
(သန်လျင်)

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ဘုရားလေးလမ်း၊ အမှတ်(၃၀)နေ(ဦးသန်းရွှေ-ဒေါ်မြရင်)တို့၏ သမီး၊ ဦးလှသန်း(ကေသရာဇာကုန်စုံဆိုင်၊ မြို့မဈေး၊ သန်လျင်)၏ ဇနီး၊ (ဦးဘသွင်)-ဒေါ်စုစု၊ ဗိုလ်မှူးမောင်အေး-ဒေါ်ငွေးငွေးတို့၏ညီမ၊ ဦးမောင်သိန်း၊ ဦးတင်မြင့်-ဒေါ်စိန်စိန်တို့၏အစ်မ၊ ကိုအောင်ကျော်-မအေးအေးတင့်၊ ဦးနေငွေးအောင်-ဒေါ်နွယ်နွယ်သန်း (ထော်ဝက်၊ အမက)၊ ကိုဇော်မင်းသန်း-မထွေးထွေး၊ မခင်ခင်သန်းတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည်၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၈-၈-၂၀၀၄(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ညို(၆၇)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၁/ခ)နေ(ဦးငြိမ်းမောင်)၏ဇနီး၊ (ကိုလှမြင့်)၊(ကိုခင်စိုး)၊ကိုရွှေဝင်း(သတင်းတပ်ဖွဲ့)-မစန်းစန်းဝင်း၊ ကိုမြင့်ဦး(တရားရုံးချုပ်)-မစန်းစန်းအေး၊ ကိုရဲညွှန့်-မငြိမ်းငြိမ်းအေး(ခေတ္တ-ဗန်ကောက်)၊ကိုဇော်မျိုးနိုင်-မတင်တင်ဝင်းတို့၏ မွေးသမိခင်၊ မောင်ဇာဏီဟိန်း၊ ဟေမာန်ရွှေဝင်း၊ ချစ်မိုးပွင့်၊ ချစ်နှင်းပွင့်၊ အေးနှင်းပွင့်တို့၏ အဘွားသည်၅-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၈- ၂၀၀၄(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

မောင်အောင်နိုင်ထူး(ခ)ဘာဖီတုံ
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ လမ်းသစ်ရိပ်သာ၊ တိုက်(၁)၊ အခန်း(၁)နေ (ဦးသန်း)-ဒေါ်ကေသီစော(စီးပွား/ကူးသန်း)တို့၏ သား၊ မောင်အောင်စိန်ထူး-မငွေးငွေးဝင်း၊ မောင်အောင်သူရ-မတင်တင်ဆွေတို့၏ ညီ/မောင်၊ မလွင်လွင်သန်း (New Link Co.,)၊ မောင်ကျော်စွာသန်းတို့၏ အစ်ကိုသည် ၅-၈-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁:၃၀ နာရီထွက်မည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဒါယကာကြီး
ဦးခင်သောင်း(၈၇)နှစ်
(သစ်ဆန်းယဉ်မန္တ လေးဖိနပ်ဆိုင်)
(မေနှင်း-လမင်းသာအထည်ဆိုင်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊အောင်သိဒ္ဓိလမ်း၊အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၃)၊ခြံအမှတ်(၁၂) နေ (ဒေါ်ငွေခင်)၏ခင်ပွန်း၊ ဦးချစ်ဆွေ-ဒေါ်ကျင်ရွှေတို့၏ အစ်ကို၊ ဦးသိန်းမြင့်-ဒေါ်မြသင်း၊ ဦးထွန်းအောင်-ဒေါ်မြမြ၊ (ဦးမြင့်ဌေး)-ဒေါ်ခင်မိမိထွန်း၊ ဦးကျော်မြင့်-ဒေါ်ယုဝါ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်တင်တင်ရှု-ဦးခင်မောင်မြင့်၊ ဒေါ်စန်းစန်းရီ၊ ဦးဝင်း ကိုဦး-ဒေါ်ဥမ္မာအေးတို့၏ ဖခင်၊ မြေး၁၀ယောက်တို့၏ အဘိုးသည် ၅-၈-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၇-၈-၂၀၀၄(စနေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်စိန်မေ (၇၄)နှစ်
(Nellie -ဘချစ်)

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ အခန်း(၁၀)၊တိုက်(၂၀၆)၊(၃)ရပ်ကွက်၊ (၁၂)လုံးတန်းနေ (ဦးဘချစ်-ဒေါ်အိ)တို့၏ သမီးကြီး၊ ဒေါ်ရင်ရင်မေ (Gracie ဘချစ်)၏ အစ်မ၊ (ဦးသန်းထွန်း)၏ ဇနီး၊ (ဦးသန်းအောင်)၊ဦးထွေးမြင့်-ဒေါ်သဇင်အေး၊ (ဦးအောင်မြင့်သန်း)၊(ဦးအောင်မြင့်ထွန်း)၊ (ဦးချမ်းသာ)၊(ဦးမျိုးနိုင်ထွန်း)တို့၏ မိခင်၊ တူ၊တူမခြောက်ယောက်တို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၆-၈-၂၀၀၄ရက်တွင်ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါကြောင်း မိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာဦးခင်အောင်(၅၂)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်နေ ဦးSဘရှုဝါး-ဒေါ်မေရီတို့၏သားထွေး၊ (မရမာ)၊(မနီနီမာ)တို့၏မောင်၊ မော်ဘီမြို့နယ်၊ သီရိမင်္ဂလာရပ်၊ တပ်ကြီးကုန်း၊ စာဖြူစုရွာနေဆရာမနော်မူးရှု(ခ) နော်မူးလေရီးထူး၏ခင်ပွန်း၊ ဝင်းမျိုးဟိန်း(1st Year GTC)မော်ဘီတို့၏ ဦးလေးသည် ၆-၈-၂၀၀၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၈-၂၀၀၄(စနေနေ့)မွန်းလွဲ၁နာရီတွင် သီရိမင်္ဂလာရပ်၊ တပ်ကြီးကုန်း၊ မော်ဘီမြို့ရှိ ဧဝံဂေလိနှစ်ခြင်း ခမ္ဘကောလိပ်အသင်းတော်၌ ဝတ်ပြု ဆုတောင်းပြီး စာဖြူစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

Mrs.Olive Pun
(ဒေါ်အုန်းလှိုင်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ (Mr.Lee Woot Tong-Mrs. Wong Chot)တို့၏ သမီး၊ ရန်ကုန်တိုင်း၊လှိုင်သာယာမြို့နယ်၊ FMI City၊ ရွှေသရဖီလမ်းမကြီး၊ အမှတ်-H-77Aနေ (Mr.Yat Sun Pun)၏ဇနီး၊ Ms.Patricia Pun၊ Mrs. Vivian Lim (ဦးစိန်ထွန်း)၊ Mrs.Suzanne Pun-ဦးဇော်မင်းသွင်၊ Mr.Martin Pun-Mrs. Adorn Pun၊ Mr.Serge Pun(ခ) ဦးသိမ်းဝေ၊ Mrs.Rosa Punတို့၏ မိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏ အဘွား Mrs.Olive Pun(ခ)(ဒေါ်အုန်းလှိုင်) သည် ၆-၈-၂၀၀၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၄ (အင်္ဂါနေ့)နံနက်၉း၃၀နာရီတွင် St.Augustine Church အင်းယားလမ်း၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ [St.Augustine Church နှင့် FMI Centre မှ နံနက်၁၁နာရီနှင့် အမှတ်(၁)၊ Finger Lake,FMI cityမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသောင်းဦး(ပုသိမ်မြို့နံ့သာကုန်းမိုးကုတ်နာယက)

၃၁-၇-၂၀၀၄ရက်တွင်ကွယ်လွန်သွားခဲ့သော ဖခင်ကြီး ဦးသောင်းဦး နာမကျန်းဖြစ်စဉ်က ကူညီကုသပေးခဲ့သော သုခကမ္ဘာနှလုံးအထူးကုဆေးခန်းမှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ဆရာမများ၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် ကူညီပေးခဲ့ကြသော ရန်ကုန်မြို့မှ မိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီ ကသော သူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း၊ ဈာပနအခမ်းအနားတွင် လူကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ရပ်နီး ရပ်ဝေးမှ အားပေးနှစ်သိမ့်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အား ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ပါမောက္ခဒေါက်တာစောသန်းထွန်းအောင်
ပါမောက္ခ၊ဌာနမှူး(ငြိမ်း)
ဓာတ်မှန်ပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ရန်ကုန်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ဦးလူနီလမ်း၊ အမှတ် (၇/က)နေ(ဦးစောဘမောင်-ဒေါ်နော်မေရီယံ)တို့၏သား၊ ဒေါ်နော်ဂဲထရူဖိုး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစောရဲထွန်းအောင်-နော်သမိုင်းဖေဖာတင်၊ စောဂီဒီယံထွန်းအောင်-နော်ခရစ္စတီနာ၊ စောကြည်လွင်အောင်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ပါမောက္ခဒေါက်တာစောသန်းထွန်းအောင်သည် စင်ကာပူနိုင်ငံတွင် ၅-၈-၂၀၀၄ရက် နံနက်၃နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းရင်ဦး (၆၈)နှစ်
ရွှေဗဟိုရ်စည် မိသားစု
(ရမ်းဗြဲ/ကျောက်နီမော်)

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး ဦးထွန်းရင်ဦး အသက်(၆၈)နှစ်သည် ၃-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်မောင်ဝင်း-ဒေါ်စိုးမိုးသူ
ရွှေမေတ္တာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး။

ဝမ်းနည်းကြေကွဲခြင်း

SPA/FMI Group of Companiesနှင့် Yoma Bank Ltd.တို့၏ ဥက္ကဋ္ဌ Mr.Serge Pun(ခ)ဦးသိမ်းဝေ၏ ချစ်လှစွာသောမိခင်ကြီး Mrs. Olive Pun(ခ) ဒေါ်အုန်းလှိုင် အသက်(၉၂)နှစ် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဦးစိုးဝင်း-မစန္ဒာမိသားစု။**

ဦးလွန်းမောင်(၈၆)နှစ်
(စတုဘုမ္မိက)

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဘုရားလမ်း(၁)၊ အမှတ်(၂၆၉)နေ ဒေါ်အေးတင်၏ ခင်ပွန်း၊ဦးထွန်းအေး-ဒေါ်ခင်မြ၊ ဦးညွန့်တင်-ဒေါ်အေးအေး၊ (ဦးသန်းဇော်)-ဒေါ်ခင်မာနွယ်၊ ဦးသန်းနိုင်၊(ဦးတင်ထွန်း)-ဒေါ်သန်းသန်းတင်တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၇ယောက်၏ အဘိုး၊ မြစ် ၁၄ယောက်တို့၏ ဘိုးအေသည် ၄-၈-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စီ (၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၈)၊ ကျော်သူ(၂၅)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်နေ (ဦးတင်မောင်)၏ဇနီး၊ ဦးခင်မောင်မြင့်-ဒေါ်စန်းစန်းမြင့်၊ ဦးဇော်ဝင်း-ဒေါ်မိမိခိုင် (ဘဏ်ခွဲ-၁)၊ ဒေါ်သန်းသန်းငွေ(မြန်မာ့မီးရထားရုံးချုပ်)၊ဦးမျိုးဇင်(Isuzu ကားစက်ရုံ)၊ ဦးညွန့်ဝင်း(အင်/ယာ၊ Asia Express Co., Ltd.) - ဒေါ်ခင်ဖြူဖြူ၊ မတင်တင်နွယ်၊ မသန်းသန်းအေး (Museum) တို့၏ကျေးဇူးရှင်မွေးသမိခင်၊မစုမြတ်စန္ဒီ(TTC၊ ရန်ကင်း)၊ မောင်ဘုန်းသက်ခိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၆-၈-၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၈-၈-၂၀၀၄(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ခင်(၆၂)နှစ်
နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(ငြိမ်း)
ဒိုက်ဦးအသင်းဝင်

မော်ဘီမြို့နေ (ဦးအောင်ပဲ-ဒေါ်နော်နော်)တို့၏သား၊ (ဦးချစ်ဖေ-ဒေါ်လုရီ)တို့၏သားသမက်၊ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ၂၄ရပ်ကွက်၊ ဘော်စင်လမ်း၊တိုက်(၃၅)၊အခန်း(၂)နေ ဒေါ်အေးအေးဝင်း(ဆက်သွယ်ရေး၊ အော်ဘိုတယ်လီဖုန်း)၏ခင်ပွန်း၊ မောင်သန်းထွန်းအောင် (Gread Luck Co., Ltd.)-မဝေဝေကျော်(Angle Rays)၊ မစိုးသန္တာကျော် (နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)၊ မခင်သူဇာကျော် (2EC သန်လျင်၊ G.T.C)တို့၏ ဖခင်၊ မဖူးပွင့်အောင်၏ အဘိုးသည်၅-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၇-၈-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ၃း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော မောင်ကျော်စိုးနိုင်(ခ)ကိုကို၏ ဈာပနကိစ္စအဝဝတွင် အစစအရာရာ ကူညီပံ့ပိုးပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ဈာပနအခမ်းအနားတွင် လူကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးခဲ့ကြသောဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ရပ်ဝေး ရပ်နီးမှ အားပေးနှစ်သိမ့်ကြသူများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးပဏ္ဍိစ
သိက္ခာတော်(၂၅)ဝါ
သက်တော်(၆၅)နှစ်
(ဦးချစ်ခင်၊မကွေးတိုင်းစာရင်းရုံး)
မိုးကောင်းကျောင်းတိုက်၊ မကွေးမြို့

မကွေးမြို့၊ ရွှေညောင်ရပ်နေ (ဦးအံ့ကြီး-ဒေါ်ဖွားရင်)တို့၏ သား၊ ဦးဝင်းလှိုင်-ဒေါ်နွယ်နွယ်ဝင်း၊ ဦးမောင်မောင်လင်း-ဒေါ်အေးအေးမြင့်၊ ဦးနိုင်လင်း-ဒေါ်လှလှငွေး၊ ဦးခိုင်သင်း၊ ကိုဝင်းစိုးမြင့်-မစန်းစန်းပိုင်၊ မခင်တာတာ၊ ဒေါက်တာကျော်ခိုင်ဦး-မခင်မာလာတို့၏ ဦးလေး ဦးပဏ္ဍိစ(ဦးချစ်ခင်)သည် ၂-၈-၂၀၀၄ (တနင်္လာနေ့) နံနက်၂နာရီတွင် ပျံလွန်တော်မူသွားပါ၍ ယင်းနေ့မွန်းလွဲ ၂နာရီတွင် မကွေးမြို့ ချမ်းမြေ့သာယာသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူတူ၊တူမများ။

ရဟန်းဒါယကာကြီး
ဦးတင်မောင်(၇၆)နှစ်
(ဝက်ချောင်း)

(ဦးအောင်ညွှန့်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးကြင်လိန်-ဒေါ်မို)တို့၏ သားသမက်၊ အောင်ဇေယျရိပ်သာ၊ တိုက်(၂၃)၊ အခန်း(၂)နေ(ဒေါ်အေး)၏ ခင်ပွန်း၊ (ဦးမြကြီး-ဒေါ်စိန်လှ)တို့၏ မောင်၊ (ဦးရွှေသီး)-ဒေါ်ခင်လေးတင့်၊ ဦးသန်းဦး-ဒေါ်ခင်မေစိန်၊(ဦးအုန်းသိန်း)-ဒေါ်သန်းသန်းအေး၊ ဦးလှဝင်း-ဒေါ်စန်းမြိုင်၊ကိုဝင်းလှိုင်-(ဒေါ်မြင့်မြင့်ဝင်း) တို့၏ အစ်ကို၊ (ကိုတင်ဝင်း)၊ မသန်းနွဲ့၊ ဦးစိုးဝင်း(စိုးဝင်းအီလက်ထရောနစ်)-ဒေါ်မြင့်မြင့်အေး၊မတူးတူးမာ၊မဝါဝါထွန်း တို့၏ ဖခင်၊ကိုချစ်စု-မကြည်ကြည်မော်၊ မငွေးငွေးဝင်း၊ မဇင်မာခင်ညို၊ မမို့မို့ခင်ညို၊ မောင်သန်းထိုက်အောင်(အထက-၄၊ အလုံ)တို့၏အဘိုး၊မြစ်တစ်ယောက်၏ အဘေးသည်၅-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇-၈-၂၀၀၄ (စနေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်သောင်း(ခ)ဦးစာရေးကြီး
အသက်(၆၀)
(ပြင်ဦးလွင်)

မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ ဘဏ်တောရပ်နေ(ကျောင်းအုပ်ဆရာကြီးဦးယောဟန် - ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေ)တို့၏ သား၊ ရန်ကုန်တိုင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ဗဟိုလမ်း၊အမှတ်(၁၈၈)နေ ဒေါ်သန်းသန်းငွေး၏ ခင်ပွန်း၊ ကိုသက်နိုင်-မမိုးမိုး၊ ကိုအောင်စိုးဦး-မငုဝါ၊ ကိုကျော်မျိုးမင်း (IFRC)-မခင်ဆွေဦး၊ ကိုမောင်မောင်-မအိအိခိုင်တို့၏ဖခင် ဦးကျော်သောင်း(ခ) ဦးစာရေးကြီးသည် ၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ဆိပ်ကြီးသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမြင့်အောင်(၅၃)နှစ်
မြို့နယ်အင်ဂျင်နီယာ(ဆောက်လုပ်ရေး)
ကွာအင်းဆိပ်ကြီးမြို့နယ်

ရန်ကုန်မြို့၊ အမှတ်(၁၂)၊ ဥယျာဉ်လမ်း၊ကျောက်မြောင်းနေ (ဦးစိုး-ဒေါ်ခင်ကြည်)တို့၏ သား၊ ရေနံချောင်းမြို့နေ၊ (ဦးစိုးသက်-ဒေါ်ရီရီ)တို့၏ သားသမက်၊ အမှတ်(၁၂)၊ဥယျာဉ်လမ်း၊ ကျောက်မြောင်းနေဒေါ်သက်ထားရီ၏ခင်ပွန်း၊ (ဦးအောင်ဝင်း) - ဒေါ်ခင်သန်းဆင့် (ဦးမြင့်ဝေ)-ဒေါ်ခင်မျိုးသန့်၊ ဦးမြင့်ရွှေ-ဒေါ်မြမြသိန်း၊ ဦးသက်နောင်-ဒေါ်သင်းသင်းခိုင်၊ ဦးသိန်းတန်-ဒေါ်စိုးမိမိ၊ (ဦးသက်ထွန်းအောင်)-ဒေါ်အေးမြင့်သန်း၊ ဒေါ်နိုင်နိုင်ဝင်း၊ ဦးအောင်ကိုမင်း-ဒေါ်ဥမ္မာ၊ဦးအောင်ကြည်မိုး၊ မောင်အောင်ရဲသွေးတို့၏ မောင်/အစ်ကိုသည် ၅-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစိုးမင်းဦး(ငြိမ်း)
စတသ(၂၃)
အသက်(၄၄)နှစ်
လ/ထညွှန်မှူး(ငြိမ်း)
မြန်မာ့တာယာနှင့်ရော်ဘာလုပ်ငန်း
(လေးမျက်နှာ)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆) ရပ်ကွက်၊ကျန်စစ်သားအိမ်ရာ၊ အမှတ်(၄၃)၊ အောင်စန္ဒာလမ်းနေ ဦးသောင်း-ဒေါ်သိန်းအေးတို့၏ သားကြီး၊ မအေးအေးသက်၊ မောင်အောင်ဇော်မင်း တို့၏ အစ်ကို ဗိုလ်ကြီးစိုးမင်းဦး(ငြိမ်း)သည် ၅-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၇-၈-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ၁၂း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ကံမမြို့ ယွန်းကျောင်းစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက
အဂ္ဂမဟာပဏ္ဍိတ၊ ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်
ဘဒ္ဒန္တ ကုဏ္ဍာဘိဝံသ
သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၀)

မကွေးတိုင်း၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ယွန်းကျောင်းစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ ကုဏ္ဍာဘိဝံသသည် (၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း၇ ရက်)၊ ၂၃-၇-၂၀၀၄(သောကြာနေ့)မွန်းလွဲ ၂း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(ဈာပနကျင်းပမည့်ရက်ကိုထပ်မံကြေညာပါမည်။)

ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သုရဲသမိန်သုခမ္မာမဟာနိကာယအကျိုးတော်ဆောင်
သုရဲသမိန်ရွာ မင်္ဂလာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ ဥေယျ
သိက္ခာတော်(၅၆)ဝါ၊ သက်တော်(၈၂)နှစ်

ပဲခူးတိုင်း၊ဝေါမြို့နယ်၊ သုရဲသမိန်ရွာ၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တ ဥေယျ အရှင်မြတ်သည် (၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၄ရက်)၊ ၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်)၊ ၈-၈-၂၀၀၄(တနင်္ဂနွေနေ့)တွင် စံကျောင်းချပူဇော်ပြီး (ဝါခေါင်လဆန်း ၇ရက်)၊ ၂၂-၈-၂၀၀၄(တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပန သာခုကီဠနသဘင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

သုရဲသမိန်ရွာတပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဦးသာကျော် (ရာသက်ပန်)
B.A(Hist;),B.Sc(Chem;),B.A,R.L
(ယခင် ဓညဝတီကျောင်းအုပ်ဆရာကြီး)
ရခိုင် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ (၁၉၇၂-၁၉၇၅)
(ရခိုင် ဓညဝတီ ပြက္ခဒိန် စတင်ထုတ်ဝေသူ)
အသက်(၇၆)နှစ်
(စစ်တွေမြို့)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပါဒလိတ်ချိတ်ရပ်၊ လမ်းမကြီးနေ(ဦးမောင်လုံး-ဒေါ်မတုတ်)တို့၏သား၊(ဦးမောင်မြထွန်း)-ဒေါ်ဦးစိန်တို့၏ သားသမက်၊ [ဒေါ်စောမြဦး(ခ)ဒေါ်ညိုညို]၏မောင်၊ ဒေါ်သူဇာအေး (Thuzar Co.,Ltd.)၏ ချစ်လှစွာသော ခင်ပွန်း၊ မသီရိစုဝေကျော်(Final year, Law)(Thuzar- Jewellery)၊ မောင်ရဲထွန်းကျော်(First year, B.M)-မခင်သန္တာဝင်း (B.A-Eco) (Anjana Co.Ltd)၊ မောင်ရဲမြကျော် (OASIS- Ice Factory)၏ ချစ်လှစွာသောမွေးသဖခင်သည် ၂၅-၇-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ဦးသာကျော် နာမကျန်းစဉ်က အထူးဂရုစိုက်ကုသပေးခဲ့ကြသော ရွှေဂုံတိုင်အထူးကုဆေးခန်းမှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများ၊ မကွယ်လွန်မီနှင့် ကွယ်လွန်ပြီးချိန်တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူများနှင့် ရပ်ဝေးရပ်နီးမှ စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း သတင်းမေးမြန်းအားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်၊ရေကန်၊
ရဟန်းဒါယိကာမကြီး
ဒေါ်တင်စု(စုစု)
အသက်(၈၄)နှစ်

ညောင်ဦးမြို့၊ ပန်းဘဲကုန်းရပ်၊ လမ်းမတော်နေ(ဦးဖိုးရာ-ဒေါ်ငြိမ်းအေး)တို့၏သမီးကြီး၊ (ဦးတင်မြင့်)-ဒေါ်စောကြည်တို့၏ အစ်မ၊ဦးတင်အောင်-ဒေါ်မြမြကြင်၊ဦးအောင်ငွေး၊ ဗိုလ်မှူးကြည်မြင့်သိန်း(ရေ/ငြိမ်း)-ဒေါ်ဖြူဖြူဇင်၊ ဒေါ်ချိုချိုမာ(သရုပ်ဖော်ဟိုတယ်)၊ ဦးခင်မောင်လတ်-ဒေါ်ညိုမာလွင်တို့၏ကြီးကြီး၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်တင်စုသည် ၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇-၈-၂၀၀၄ ရက်ညနေ ၃နာရီတွင် ညောင်ဦးမြို့ သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မေ(၇၆)နှစ်
သတင်းတပ်ဖွဲ့ (ငြိမ်း)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ ယုဇနလမ်း၊ အမှတ်(၁၉)နေ (ဦးဘရှင်-ဒေါ်စောရှင်)၊ (ဦးအုန်းမောင်-ဒေါ်ပု)တို့၏သမီး၊ (ဦးအုန်းဖေ-ဒေါ်အေးသီ)တို့၏ချွေးမ၊ ဒေါ်အုန်းမေ၊ ဒေါ်လှမေ၏ ညီမ၊ ဒေါ်သန်းမေ၊ ဦးအုန်းဖေ(ခ) ဦးအောင်မော်-ဒေါ်မြမေတို့၏ အစ်မ၊ ဦးထွန်းဟန်၏ ဇနီး၊ မောင်သန်းဆွေ၏ မိခင်သည် ၆-၈-၂၀၀၄(သောကြာနေ့)တွင် ကွယ်လွန်ပါ၍ ၇-၈-၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
ကိုသန့်ဇင်ညွှန့်(၃၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း(၁၄၀)၊ အမှတ်(၄၁)နေ အသင်းဥက္ကဋ္ဌဟောင်း (ဆရာဦးအောင်သိန်း-ဒေါ်မြရင်)တို့၏ မြေး၊ ရာ/အသင်းဝင်ဦးအေးသိန်း-ဒေါ်အေးအေးသန်းတို့၏သားသည် ၂-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဟင်္သာတအသင်း
ဒေါ်ခင်မေကြည် (၇၂)နှစ်

ဟင်္သာတမြို့၊ ရန်အောင်ရွှေဆိုင် (ဦးမောင်မြင့်-ဒေါ်တင်)၏ သမီး၊ (ဒေါ်ခင်အေး-ဦးခင်ရွှေ)တို့၏ ညီမ၊ အမှတ်(၅၅)၊ ရေကျော်အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးသက်လွင်၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မေကြည် (ဟင်္သာတအသင်း ရာသက်ပန်အသင်းဝင်)သည် ၅-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၇-၈-၂၀၀၄(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါ။ အမှုဆောင်အဖွဲ့။

ကြံခင်းမြို့နယ်အသင်း
ဦးသောင်း(၆၇)နှစ်
(ကြံခင်း)

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၇)လမ်းနေ (ဦးမောင်သန့်-ဒေါ်မမကြီး)တို့၏ သား၊ ဒေါ်တင်တင်ရှိန်၏ခင်ပွန်း ဦးသောင်း (ကြံခင်းမြို့နယ်အသင်းဝင်)သည် ၆-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၈-၈-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်၍ အသင်းဝင်များ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဦးမြင့်အောင်(၅၃)နှစ်
မြို့နယ်အင်ဂျင်နီယာ(ဆောက်လုပ်ရေး)
ကွာအင်းဆိပ်ကြီးမြို့နယ်

ရန်ကုန်မြို့၊အမှတ်(၁၂)၊ဥယျာဉ်လမ်း၊ ကျောက်မြောင်းနေ(ဦးစိုး-ဒေါ်ခင်ကြည်)တို့၏ သား၊ ရေနံချောင်းမြို့နေ(ဦးစိုးသက်-ဒေါ်ရီရီ)တို့၏သားသမက်၊ အမှတ် (၁၂)၊ (၃)လွှာ(ယာ)ဥယျာဉ်လမ်း၊ ကျောက်မြောင်းနေ ဒေါ်သက်ထားရီ၏ ခင်ပွန်း၊ မောင်ဟိဏ်းထက်ဇော်(Final BM)၊ မမြတ်ဒါလီအောင်(Final Eco)၊ မမြတ်သီဂီဆွေ (First year Law)တို့၏ ဖခင်သည်၅-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြား

ရန်ကုန် ဩဂုတ် ၆

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါအစည်းအဝေးသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်တစ်ဦးက ပေးအပ်ထားသည့် အမေတောက်သို့ အလွန်ထူးခြားသည့် ကျောက်မျက်ရတနာ နှစ်တုံးကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်မျက်ရတနာ ပြတိုက်၌ ပြသထားရန် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိုင်ငံတော်က ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေရရှိမှုအခြေအနေ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ကယားပြည်နယ် ရွာသစ် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ စတင်ထုတ်လွှင့်

ရန်ကုန် ဩဂုတ် ၆

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ကယားပြည်နယ် ရွာသစ်၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဩဂုတ် ၃ရက်တွင် လုပ်ငန်းများပြီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀၀ဝပ်၊ လိုင်းနံပါတ်၇ဖြင့် ၂၀၀၄ ခုနှစ် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် စက်ရုံဖွင့်ပွဲပြုလုပ်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ရွှေပြည်သာ စက်မှုဇုန်ရှိ Fair Sun Co., Ltd. ၏လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ရွှေပြည်သာ စက်မှုဇုန်ရှိ ဖဲယားဆန်းကုမ္ပဏီ၏ ခေတ်မီကွန်ပျူတာသုံး စက်ကိရိယာများဖြင့် စက်ပစ္စည်းများ ထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန်(၃)ရှိ Fair Sun Co., Ltd. ၏ လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား Fair Sun Co.,Ltd.မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဖေခင်က ကုမ္ပဏီ၏ဖွဲ့စည်းပုံကို ပဏာမရှင်းလင်းတင်ပြပြီး မိမိတို့ကုမ္ပဏီအနေဖြင့် မော်တော်ယာဉ်အပိုပစ္စည်းများကို ထုတ်လုပ်နိုင်ရန် စက်ပစ္စည်းများတပ်ဆင်ထားရှိပါကြောင်း၊ စက်ပစ္စည်းကိရိယာများအပြင် လိုအပ်သည့် မိုများ၊ ဆက်စပ်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✧